# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
## (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၆၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင် ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၂-၁-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက် ရောက်သည့်ဦးရေ ၃၆၉ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၅၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၅၃ ဦး အနက် ၃၁ ဦး ကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၃ ရက်၊

(၂) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၃ ရက်၊

(၃) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၂ ရက်၊

(၄) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၁ ရက်၊

(၅) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၄ ရက်၊

(၆) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၁၇ ရက်၊

(၇) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၄ ရက်၊

(၈) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၉) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၃ ရက်၊

(၁၀) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၃ ရက်၊

(၁၁) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၁၂) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၁၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၁၄) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၂ ရက်၊

(၁၅) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၆) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၁၇) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၁၈) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၁၉) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၂၀) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၃ ရက်၊

(၂၁) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်နှင့်

(၂၂) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၃ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး ယနေ့ ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**လယ်မြေများကို လုပ်ပိုင်ခွင့်ရလယ်သမားများက ဝင်ရောက်ထွန်ယက်ရာတွင် ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်မရသေးသော ကုမ္ပဏီများမှ တရားစွဲဆိုမှုများကို သင့်/မသင့်သုံးသပ်ရန်နှင့် ကာလကြာရှည်စွာ အမှုရင်ဆိုင်နေရသည့် တောင်သူလယ်သမားများအား အမြန်ပြီးပြတ်အောင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်အစည်းအဝေး တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့လွှတ်တော်မှာ လယ်ယာမြေကို အခြားနည်း

အသုံးပြုခွင့် လန ၃၉ ကို ခွင့်ပြုမိန့်မကျသေးတဲ့ လယ်မြေတွေဟာ ဥပဒေအရ လယ်မြေများသာဖြစ်တဲ့ အတွက် အဲ့ဒီလယ်မြေတွေကို ခြံစည်းရိုးခတ်ခြင်း၊ လမ်းဖောက်ခြင်းပြုလုပ်ကြတဲ့ ကုမ္ပဏီတွေဟာ လယ်ယာမြေဥပဒေကို ပြောင်ပြောင်တင်းတင်းချိုးဖောက်နေကြတဲ့အတွက် ဥပဒေနှင့်အညီ တားဆီး အရေးယူပေးဖို့ မေးခွန်းမေးခဲ့တာ ရှိပါတယ်။ အဲ့ဒီမေးခွန်းနှင့်ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာ ပြည်ထောင်စုဒုတိယဝန်ကြီးက တိုင်းဒေသကြီးအစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်ပေးပါမယ်လို့ဖြေကြားသွား ပါတယ်။

ဒါပေမယ့် ဒီနေ့အဲ့ဒီကုမ္ပဏီတွေဟာ လယ်ယာမြေဥပဒေကိုချိုးဖောက်ပြီးတော့မှ ကာရံထား တဲ့ခြံစည်းရိုးတွေကို ဖယ်ရှားပေးခြင်းမပြုတဲ့အပြင် အဲ့ဒီခြံစည်းရိုးတွေထဲကို ဝင်ရောက်ပြီးတော့မှ မိမိ လယ် မိမိဝင်ရောက်ထွန်ယက်တဲ့လယ်သမားတွေကို ပုဒ်မ ၄၂၇ အကျိုးပျက်စီးမှု၊ ဒါကထင်ရှားလို့ရှိ ရင်ထောင်ဒဏ် နှစ်နှစ်နဲ့ ငွေဒဏ်၊ ပုဒ်မ ၄၄၇ ရာဇဝတ်မကင်းသော ကျော်နင်းမှု၊ ထင်ရှားလို့ရှိရင် ထောင်ဒဏ် သုံးလနှင့် ငွေဒဏ်တို့ဖြင့် တရားစွဲဆိုခဲ့တာကို ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာရော၊ အခြားပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှာရော အမြောက်အများရှိနေကြောင်း ကြားသိနေရပါတယ်။ အချို့ လယ်သမားဆိုရင် သူနေထိုင်တဲ့လယ်ထဲကို လာခြံခတ်ပြီးတော့ ကုမ္ပဏီကလယ်သမားကို နှင်ထုတ်တဲ့အခါကျမှသာ သူ့မြေသိမ်းဆည်းခံရကြောင်းမှန်းသိပြီးတော့ ဘုမသိဘမသိနဲ့ တရားစွဲဆိုခံ ရတာလည်း ကျွန်တော်တို့ရဲ့ လှိုင်သာယာမြို့နယ်မှာ တွေ့နေရပါတယ်။

သာမန်အားဖြင့် ကုမ္ပဏီတွေဟာ အထက်ပါပုဒ်မနှစ်ခုနဲ့ ရဲစခန်းတွေမှာ သွားရောက်တိုင် ကြားတဲ့အခါမှာ မြန်မာနိုင်ငံတော်ရဲလက်စွဲအပိုဒ် ၁၄၁၁ အရ တိုင်ချက်ကို မှတ်ပုံတင်ပြီး အဲ့ဒီရဲလက်စွဲ အပိုဒ် ၁၄၂၃ အရ သတင်းပေးချက်ကို ရေးသားထည့်သွင်းပြီးတာနဲ့တစ်ပြိုင်နက် ဝတ္တရားရှိသည့် အလျောက် ချက်ချင်းစုံစမ်းစစ်ဆေးရမယ်လို့ မြန်မာနိုင်ငံတော်ရဲလက်စွဲမှာ ဖော်ပြထားပါတယ်။ ရဲလက်စွဲအပိုဒ် ၁၄၃၈ အရ အမှုစုံစမ်းစစ်ဆေးပြီးတဲ့အခါမှာ တရားရုံးကို စွဲမတင်နိုင်သောအမှုဖြစ်လို့ရှိ ရင် လီဆယ်မှု သို့မဟုတ် မှားယွင်းမှု သို့မဟုတ် အရေးမယူပိုင်မှုလို့ အစီရင်ခံစာရေးသားပြီး အမှုကို တရားရုံးစွဲတင်ခြင်းမပြုဘဲ ထားရမှာဖြစ်တယ်လို့ ကျွန်တော်တို့အနေနဲ့ လေ့လာတွေ့ရှိရပါတယ်။

ဒါပေမယ့် ခုနလိုကုမ္ပဏီတွေကနေပြီးတော့မှ ပုဒ်မ ၄၂၇၊ ၄၄၇ နဲ့ တရားစွဲတာကို ဒီသက်ဆိုင် ရာရဲစခန်းကနေပြီးတော့ သွားရောက်စစ်ဆေးလို့ရှိရင် တကယ်တမ်း ပုဒ်မ ၄၂၇၊ ၄၄၇ ကို ကျူးလွန်တာ ဟာ လယ်သမားမဟုတ်ဘဲနဲ့ ကုမ္ပဏီကြီးတွေဖြစ်တယ်ဆိုတာကို အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုလို့ရှိရင် အဲ့ဒီကုမ္ပဏီကြီးတွေဟာ လန ၃၉ ခွင့်ပြုမိန့်မကျသေးတဲ့ လယ်မြေတွေကို ခြံခတ်ခြင်းဟာ လယ်ယာမြေဥပဒေကိုချိုးဖောက်တဲ့အပြင် လုပ်ပိုင်ခွင့်ရလယ်သမားရဲ့အကျိုးကို ဖျက်ဆီးရာရောက်နေခြင်း၊ နောက်တစ်ခါ မိမိတရားဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်မရတဲ့ လယ်သမားပိုင်မြေကို ခြံခတ်တာဟာ ရာဇဝတ်မကင်းသောကျော်နင်းမှု ပုဒ်မ ၄၄၇ အဲ့ဒါတွေကို တကယ်ကျူးလွန်နေတာဟာ ကုမ္ပဏီတွေသာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အထက်ကကျွန်တော်တင်ပြတဲ့အတိုင်း မှားယွင်းမှု သို့မဟုတ် အရေးမယူပိုင်မှုလို့သတ်မှတ်ပြီးတော့မှ အမှုကိုပိတ်သိမ်းသင့်ပေမယ့် အခုအခါမှာတော့ ဒီလန ၃၉ လယ်မြေတွေမှာ ဝင်ရောက်ထွန်ယက်နေတဲ့လူတွေ၊ လန ၃၉ မကျသေးတဲ့ မြေကိုပိုင်တဲ့လယ်သမားတွေဟာ တရားစွဲခံနေရပါတယ်။ အချို့ရဲစခန်းတွေကတော့ အဲ့ဒီလိုအမှုဖွင့်တဲ့အခါမှာ စုံစမ်းစစ်ဆေးပြီးတော့မှ အမှုကိုပိတ်သိမ်းလိုက်တာကိုလည်း တွေ့ရပါတယ်။ အဲ့တော့ သက်ဆိုင်ရာလယ်သမားတွေက ကုမ္ပဏီကို ပြန်ပြီးတော့မှ ပုဒ်မ ၄၂၇၊ ၄၄၇ နဲ့ အပြန်အလှန်တရားစွဲတဲ့အခါကျတော့လည်း စာရွက်စာတမ်းမပြည့်စုံတဲ့အတွက် မပြည့်စုံတဲ့အကြောင်းပြချက်နဲ့ ပယ်ချတာကိုလည်း တွေ့ရပါတယ်။ ကုမ္ပဏီတွေက လယ်သမားကိုအမှုဖွင့်တဲ့အခါကျတော့ အလွယ်တကူဖွင့်လို့ရပြီးတော့မှ လက်ခံနေတာကို တွေ့ရပါတယ်။

လယ်သမားတွေအနေနဲ့ ဥပဒေမဲ့မြေသိမ်းတဲ့ကုမ္ပဏီတွေရဲ့ တောင်းဆိုမှုကြောင့်၊ ဥပဒေမဲ့မြေသိမ်းတဲ့ကုမ္ပဏီတွေရဲ့တရားစွဲဆိုမှုကြောင့် သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်ပြီးတော့မှ တရားရုံးတင်တဲ့အတွက် တရားရုံးမှာအမှုရင်ဆိုင်ရတဲ့အခါမှာ ကာလကြာရှည်စွာအမှုရင်ဆိုင်ရတဲ့အတွက် အလုပ်အကိုင်တွေပျက်ပြားပြီး၊ ဝင်ငွေကျဆင်းပြီး မိသားစုစားဝတ်နေရေးအခက်အခဲ ဖြစ်ပေါ်နေတာကိုလည်း တွေ့ရပါတယ်။ အချို့ဆိုလို့ရှိရင် ရုံးချိန်း ၃၂ ချိန်းထိ နယ်ကနေမြို့ကိုတက်ပြီးတော့မှ အမှုရင်ဆိုင်ရပေမယ့် အမှုပြီးပြတ်ခြင်းမရှိတဲ့အတွက် ငွေကြေးအခက်အခဲတွေရှိလာပြီး အဝတ်အစားတွေပေါင်နှံပြီး ခရီးစရိတ်လုပ်ပြီးတော့မှ ရုံးချိန်းတွေသွားနေရတယ်လို့ ကြားသိနေရပါတယ်။ အပြစ်မရှိတဲ့လယ်သမားများက ကုမ္ပဏီတွေကို နောင်ကာလတွေမှာ ဥပဒေနဲ့အညီ မရင်ဆိုင်ရဲအောင် ရုံးပြင်ကနားတွေကိုလည်း နောင်မလာရဲအောင် ဟုတ်သည်ဖြစ်စေ/မဟုတ်သည်ဖြစ်စေ၊ တရားသည်ဖြစ်စေ/မတရားသည်ဖြစ်စေ၊ ခေါင်းငုံ့ခံနေအောင်လို့ အကြောက်တရားတွေများလာအောင် ဝိုင်းဝန်းပြီးတော့မှ တစ်ဖက်သတ်ဖိနှိပ်ပေးသလို ဖြစ်နေတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။

ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ လယ်ယာမြေများကို လုပ်ပိုင်ခွင့်ရ လယ်သမားများက ဝင်ရောက်ထွန်ယက်ရာမှာ ဥပဒေနှင့်အညီလုပ်ခွင့်မရသေးတဲ့ ကုမ္ပဏီတွေက တရားစွဲဆိုမှုများကို ရဲစခန်းများက အမှုစွဲတင်သင့်/မသင့် သုံးသပ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ကာလကြာရှည်စွာအမှုရင်ဆိုင်နေရတဲ့ တောင်သူလယ်သမားများကို အမှုအမြန်ပြီးပြတ်အောင် ဆောင်ရွက်ရေးတို့ကို မည်ကဲ့သို့ကြပ်မတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းမေးမြန်းတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စားရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ ဟာ တန်ဖိုးကျပ် ၅၀ ထက်မနည်းတဲ့ပစ္စည်းကို အကျိုးဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်ချမှတ်ဖို့ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ရဲအရေးမပိုင်တဲ့ပြစ်မှုဖြစ်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ ဟာ ရာဇဝတ်မကင်းတဲ့ ကျော်နင်းခြင်းပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ဖို့ ပြဋ္ဌာန်းထားတဲ့ ပြစ်မှုဖြစ်ပြီး ရဲအရေးပိုင်တဲ့ပြစ်မှု ဖြစ်ပါတယ်။ ဘယ်သူမဆို အများပြည်သူကိုဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ မတရားဆုံးရှုံးအောင်ဖြစ်စေ နစ်နာစေရန်အတွက် သိလျက် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် ရည်ရွယ်၍ တန်ဖိုး ၅၀ ကျပ်အောက်မနည်းပစ္စည်းကို ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ တန်းဖိုးယုတ်လျော့စေခြင်းကိုပြုလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ အရ ပြစ်မှုကျူးလွန်ရာရောက်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ ဟာ တစ်ဦးတစ်ယောက်လက်ရှိဖြစ်တဲ့ ပစ္စည်းအတွင်းကိုဖြစ်စေ၊ ပစ္စည်းပေါ်ကိုဖြစ်စေ ပြစ်မှုကျူးလွန်မှု သို့တည်းမဟုတ် ခြောက်လှန့်ရန် ရည်ရွယ်ချက်နဲ့ ဝင်ရောက်ခြင်းဖြစ်လျှင် ရာဇဝတ်မကင်းတဲ့ ကျော်နင်းမှုကို ကျူးလွန်ရာရောက်ပါတယ်။

မူကြမ်း

အဲ့ဒီပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်တဲ့အကြောင်းစွပ်စွဲပြီး ရဲအရေးပိုင်တဲ့ပြစ်မှုကို ရဲစခန်းမှာ အမှုဖွင့်ခြင်းအားဖြင့်သော်လည်းကောင်း၊ တရားရုံးကို ဦးတိုက်လျှောက်ထား၍သော်လည်းကောင်း နစ်နာသူက တရားစွဲဆိုနိုင်ပါတယ်။ ရဲအရေးမပိုင်သည့်ပြစ်မှုကို တရားရုံးမှာ နစ်နာတဲ့သူက ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်ပါတယ်။ ရဲအရေးပိုင်တဲ့ပြစ်မှုနဲ့ ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားတဲ့အခါ ရဲတပ်ဖွဲ့က အမှုကိုစုံစမ်းစစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိရလျှင် တရားရုံးကို တရားစွဲဆိုတင်ပို့ပါတယ်။ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်းမရှိလျှင်တော့ အမှုကိုရဲစခန်းက လုပ်ထုံးလုပ်နည်းနှင့်အညီ ပိတ်သိမ်းမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာရဲစခန်းက တရားရုံးကို တရားစွဲဆိုတင်ပို့လာရင်တော့ တရားရုံးက လက်ခံစစ်ဆေးပြီး ဥပဒေနှင့်အညီ အမိန့်ချမှတ်ဖို့ ဖြစ်ပါတယ်။ နစ်နာတဲ့သူက တရားရုံးကို ဦးတိုက်လျှောက်ထားစွဲဆိုလာလျှင် တိုင်ကြားတဲ့တရားလိုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး ပြစ်မှုနဲ့အရေးယူဖို့ အကြောင်းမရှိလျှင် ဦးတိုက်လျှောက်လွှာကို တရားရုံးက ပလပ်မှာ ဖြစ်ပါတယ်။

တကယ်လို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ တရားလိုကိုစစ်ဆေးပြီး သက်ဆိုင်ရာရဲစခန်းကို အမှုနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးစေဖို့လိုမယ်ဆိုရင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂(၁) အရ စုံစမ်းစစ်ဆေးတင်ပြဖို့ လွှဲအပ်နိုင်ပါတယ်။ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးပြီး အစီရင်ခံလာတဲ့အခါမှာ စွဲဆိုခံရတဲ့သူကို ပြစ်မှုနှင့်အရေးယူရန် အကြောင်းမရှိဘူးလို့တွေ့ရရင် ဦးတိုက်လျှောက်လွှာကို တရားရုံးက ပလပ်မှာ ဖြစ်ပါတယ်။ စွပ်စွဲခံရတဲ့သူအပေါ်မှာ ပြစ်မှုနှင့်အရေးယူရန် အကြောင်း ပေါ်ပေါက်တယ်လို့ ယူဆရင်တော့ စွပ်စွဲခံရတဲ့သူကိုဆင့်ခေါ်ပြီး အမှုကိုဆက်လက်စစ်ဆေးပြီး ဥပဒေနှင့်အညီ အမိန့်ချမှတ်ရမှာ ဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၄၄၇ နဲ့ စစ်ဆေးအရေးယူတဲ့အမှုကို အကျဉ်းနည်း စစ်ဆေးခွင့်အာဏာ အပ်နှင်းခြင်းခံရတဲ့ တရားသူကြီးက အကျဉ်းနည်းနဲ့လည်း စစ်ဆေးစီရင်ခွင့်ရှိပါတယ်။

တရားရုံးတွေဟာ နစ်နာတဲ့ကာယကံရှင်ရဲ့ တိုင်ကြားချက်အပေါ်မှာ အမှုတစ်ခုချင်းအလိုက်စိစစ်ပြီး အရေးယူဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ တောင်သူလယ်သမားများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇၊ ၄၄၇ တို့အရ တရားစွဲဆိုခြင်းနှင့်ပတ်သက်ပြီး သင့်မြတ်လျော်ကန်ခြင်း ရှိ/မရှိ စိစစ်ဖို့ အခွင့်အရေးရှိမှာမဟုတ်ဘဲနဲ့ ဥပဒေအရသာ စစ်ဆေးဆုံးဖြတ်ခွင့်ရှိတဲ့အတွက် အဲ့ဒီလိုအမှုတွေအပေါ် တရားစွဲဆိုခြင်းနဲ့ပတ်သက်ပြီး တရားစွဲဆိုဖို့သင့်/မသင့်စိစစ်ဖို့မရှိတဲ့အကြောင်း မေးခွန်းအမှတ် (၁) နှင့်စပ်လျဉ်းပြီး လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။

မူကြမ်း

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ နှင့် ၄၄၇အရ ပြစ်မှုတွေဟာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၃၄၅ ပုဒ်မခွဲ(၁) အရ နစ်နာတဲ့တရားလိုက တရားရုံးရဲ့ခွင့်ပြုချက်မလိုဘဲ ကျေအေးခွင့်ရှိပါတယ်။ တရားလိုက အမှုကိုကျေအေးလျှင် တရားရုံးက နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကျေအေးခွင့်ပြုတဲ့ အမိန့်ချမှတ်ပေးရန်သာရှိတဲ့အကြောင်း မေးခွန်းအမှတ်(၂)နှင့်စပ်လျဉ်းပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

တောင်သူလယ်သမားတွေဟာ သူတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ နှင့် ၄၄၇ တို့အရ စွဲဆိုတဲ့အမှုများ ကာလရှည်ကြာစွာ အမှုရင်ဆိုင်ဖြေရှင်းနေရတဲ့အခြေအနေမျိုး မဖြစ်ပေါ်စေဖို့အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း မေးခွန်းအမှတ်(၃)နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာနမှ ရော်ဘာခြံတို့ကို မြန်မာနိုင်ငံသား ပိုင်ဆိုင်မှုအမည်ခံထားသော မလေးရှားနိုင်ငံကိုယ်စားပြုထားသည့် ကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှမောင် ချောင်းဆုံမဲဆန္ဒနယ်မှ မေးဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်အားလုံးတို့အား ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခ) ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ယခုကျွန်တော်ဆွေးနွေးတင်ပြမေးမြန်းလိုတဲ့ ကိစ္စကတော့ စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၏ အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာနကြီးကြပ်မှုအောက်ရှိ ရော်ဘာခြံများအား ဒေသခံရော်ဘာကုန်ထုတ် တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း လုပ်ငန်းဆောင်ရွက်ခွင့်ရရှိနိုင်ရေးကိစ္စပဲ ဖြစ်ပါတယ်။ ဒီကိစ္စကိုပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ အဌမအကြိမ် လွှတ်တော်အစည်းအဝေးမှာ မေးမြန်းဖို့တင်ထားပေမယ့် မမေးဖြစ်ခဲ့သေးတဲ့ကိစ္စဖြစ်ပါတယ်။ ယခုလို ခုနှစ်ကျော်ပြီးမှ မေးမြန်းရတဲ့အတွက် ဘယ်လိုအခြေအနေ ရောက်ရှိနေလဲဆိုတာ မခန့်မှန်းတတ်ဘူး

ဆိုပေမယ့် တင်ပြထားတဲ့အတိုင်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၏ အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာနကြီးကြပ်မှုလက်အောက်ရှိ မွန်၊ ကရင်၊ ရခိုင်ပြည်နယ်များနှင့် တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရော်ဘာခြံ ၂၇ ခြံရှိ ရော်ဘာခြံဧကပေါင်း ၃၃၀၀၀ ကျော်တို့အား အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်ရေးအတွက် စိတ်ပါဝင်စားကြသူများအား တင်ဒါတင်သွင်းကြ ပါရန် သက်ဆိုင်ရာမှဖိတ်ခေါ်ချက်အရ ပူးပေါင်းလုပ်ကိုင်လိုသူဒေသခံ ရော်ဘာကုန်ထုတ် တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်များနှင့် ဒေသခံကုမ္ပဏီငယ်လေးများတို့က စိတ်ပါဝင်စားသဖြင့် လုပ်ကိုင်ခွင့်ရရှိရန် တင်ဒါတင်သွင်းခဲ့ကြပါတယ်။ သို့သော်လည်း အထက်ဖော်ပြပါ ရော်ဘာခြံ ၂၇ ခြံတို့အနက် ဧရိယာအကျယ်ဝန်းဆုံးဖြစ်သော ခြံကြီး ၁၅ ခြံကို **ဝိဒါးနားနှင့်** (MCM) ကုမ္ပဏီတို့အား လုပ်ပိုင်ခွင့်ရရှိကြသည်ဖြစ်ကြောင်း ကြားသိရပါတယ်။ ၎င်းခြံကြီး ၁၅ ခြံတို့၏ ခန့်မှန်းချက်ဧရိယာမှာ မူလစုစုပေါင်းရှိသော ခြံဧရိယာ၏ ၉၀ ရာခိုင်နှုန်းခန့်ဖြစ်ပါကြောင်းကိုလည်း ကြားသိရပါသဖြင့် ကျန်ရှိသည့် ၁၀ ရာခိုင်နှုန်းသော ရော်ဘာခြံများကိုသာ ဒေသခံရော်ဘာကုန်ထုတ် တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်များနှင့် ဒေသခံကုမ္ပဏီငယ်လေးများတို့က လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း ခန့်မှန်းရတာ ဖြစ်ပါတယ်။ အထူးတင်ပြလိုသည်မှာ မြန်မာနိုင်ငံသားအမည်ခံထားသော နိုင်ငံခြားသားပိုင်ဆိုင်သည့် ကုမ္ပဏီများ ဝင်ရောက်ယှဉ်ပြိုင် တင်ဒါတင်သွင်းခဲ့ကြောင်းကိုလည်းသိရှိရပါသဖြင့် ၎င်းကိစ္စရပ်များ မှန်သည်/မှားသည်စသည်တို့ကိုလည်း သက်ဆိုင်ရာမှ သက်ဆိုင်ရာဌာနအနေဖြင့် စိစစ်သုံးသပ်ရန် လိုအပ်မည်ဟုယူဆပါသည်။ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့ ဦးဆောင်သည့် တင်ဒါတင်သွင်းပွဲတွင် ကုမ္ပဏီပိုင်ရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များတို့၏ ရှေ့မှောက်တွင် တင်သွင်းထားသော တင်ဒါစာရင်းများကို ပွင့်လင်းမြင်သာစွာဖြင့် Transparency ကျကျဖွင့်ဖောက်စစ်ဆေးခဲ့ပါကြောင်း သိရှိရပါတယ်။ စက်မှုဝန်ကြီးဌာန၏ ရော်ဘာကုန်ထုတ်အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် သတ်မှတ်ထားသောလုပ်ငန်း အမျိုးအစား သုံး မျိုးရှိကြောင်း သိရှိရပါတယ်။ ၎င်းတို့နား(က) အစေးလှီးလုပ်ငန်း (ခ) ထိန်းသိမ်းလုပ်ငန်း(ဂ) ပြန်စိုက်လုပ်ငန်း ဖြစ်ကြပါတယ်။

တင်ဒါလုပ်ငန်းအတွက် မူလသတ်မှတ်ထားသော ကြမ်းခင်းဈေးနှုန်းထားများ ၎င်းနှုန်းထားများအပေါ် အဆိုပါကုမ္ပဏီတို့က စက်မှုဝန်ကြီးဌာနအပေါ် ဦးစားပေး၍ တင်သွင်းထားသော တင်ဒါနှုန်းထားများမှာ အောက်ဖော်ပြပါ စာရင်းဇယားအတိုင်းဖြစ်ပါတယ်။ စာရင်းဇယားကို Power Point နဲ့ တော့ပြထားပါတယ်။ ဒီစာရင်းဇယားနှင့်ပတ်သက်ပြီးတော့ ဖတ်ပြတာထက်ကို နည်းနည်းရှင်းပြမှ ပိုပြီးမူကြမ်း

တော့ ရှင်းလင်းလိမ့်မယ်လို့ မြင်ပါတယ်။ ဒါကြောင့် အကျဉ်းချုပ်တော့ နည်းနည်းရှင်းပြပါရစေ။ လုပ်ငန်း သုံး မျိုးအနက် ပထမလုပ်ငန်းအမျိုးအစားဖြစ်တဲ့ အစေးလှီးလုပ်ငန်းဆိုတာကတော့ လက်ရှိအခြေအနေမှာ ရော်ဘာပင်ကို အစေးလှီးရင် ချက်ခြင်းအစေးရနိုင်တဲ့ အပင်အမျိုးအစားဖြစ်ပြီးတော့ ချက်ချင်းလက်ငင်းငွေပေါ်နိုင်တဲ့ ရော်ဘာလုပ်ငန်းခွဲမျိုး ဖြစ်ပါတယ်။ ၎င်းရော်ဘာလုပ်ငန်းအတွက် အကျိုးတူလုပ်ကိုင်ရန်စက်မှုဝန်ကြီးဌာနအနေနဲ့ မူလသတ်မှတ်ထားတဲ့ ကြမ်းခင်းအချိုးကတော့ ၅၀ အချိုး ၅၀ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဝီဒါးနားကုမ္ပဏီကတော့ ၅၀ အချိုး ၅၀ အစား ၈၀ အချိုး ၂၀ ဆိုပြီးတော့ စက်မှုဝန်ကြီးဌာနကို ဦးစားပေးသတ်မှတ်ပေးထားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ MCM ကုမ္ပဏီကတော့ ၅၀ အချိုး ၅၀ အစား ၁၈း၄၂ ဆိုပြီး သတ်မှတ်ပေးထားကြောင်းတွေ့ရှိရပါတယ်။ ထိန်းသိမ်းလုပ်ငန်းဆိုတာကတော့ လက်ရှိအခြေအနေအရ အစေးမလှီးနိုင်သေတဲ့ ရော်ဘာပင်တွေကို ဆိုလိုပါတယ်။ ၎င်းအပင်တွေဟာ တစ်နှစ်သား သို့မဟုတ် နှစ်နှစ် သို့မဟုတ် သုံးနှစ် စသဖြင့်ရှိကြတဲ့ အပင်ငယ်လေးများရှိနေတဲ့ ရော်ဘာခွဲမျိုးဖြစ်ပါတယ်။ ၎င်းအပင်တွေဟာ သက်တမ်းခြောက်နှစ်ပြည့်ရင် အစေးလှီးနိုင်တဲ့ အပင်မျိုးဖြစ်ခဲ့လို့ရှိရင် သုံးနှစ်သက်တမ်း ရှိပြီးသားအပင်ဆိုလို့ရှိရင် နောက်ထပ် သုံးနှစ်ပြုပြင်ထိန်းသိမ်းပြီးမှ အစေးလှီးရတဲ့ အပင်မျိုးခွဲကို ဆိုလိုခြင်းဖြစ်ပါတယ်။ ၎င်းထိန်းသိမ်းပင်များအတွက် စက်မှုဝန်ကြီးဌာနနဲ့ မူလသတ်မှတ်ထားတဲ့ ကြမ်းခင်းအချိုးကတော့ ၄၀၊ ၆၀ ဖြစ်ပြီးတော့ ဝီဒါးနားကုမ္ပဏီက သတ်မှတ်ပေးတဲ့ အချိုးကတော့ ၇၀၊ ၃၀ ဖြစ်ပါတယ်။ MCM ကုမ္ပဏီကတော့မူလ ၄၀အချိုး ၆၀ အစား ၄၆ အချိုး ၅၄ လို့ အချိုးသတ်မှတ်ပေးထားတာတွေ့ရှိရမှာ ဖြစ်ပါတယ်။ နံပါတ်(၃) ပြန်စိုက်လုပ်ငန်းဆိုတာကတော့ လက်ရှိအခြေအနေအရ ရော်ဘာပင်များဟာ အိုမင်းပြီးအစေးမထွက်တော့လို့ ၎င်းအပင်အိုတွေခုတ်လှဲပြီး ပြန်စိုက်ရတဲ့ အပင်မျိုးကိုသော်လည်းကောင်း၊ မြေလွတ်တွင်သော်လည်းကောင်း၊ သီဟိုပင်နှင့်အခြားပင်များကို ရှင်းလင်းပြီး ရော်ဘာအစားထိုးစိုက်ပျိုးသော လုပ်ငန်းမျိုးကိုဆိုလိုခြင်း ဖြစ်ပါသည်။ ၎င်းလုပ်ငန်းမျိုးကို အစေးလှီးဖို့အချိန်လုပ်အားစိုက်ရတဲ့အတွက် စက်မှုဌာနအနေနဲ့ မူလသတ်မှတ်ထားတဲ့ ကြမ်းခင်းအချိုးကတော့ ၃၀ အချိုး ၇၀ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဝီဒါးနားကုမ္ပဏီကတော့ ၆၀ အချိုး ၄၀ သတ်မှတ်ပေးထားပြီး MCM ကတော့ ၄၀ အချိုး ၆၀ လို့သတ်မှတ်ပေးထားကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ အထက်ပါ ကုမ္ပဏီနှစ်ခုတို့ရဲ့ ကုမ္ပဏီတွေရဲ့ အကျိုးအမြတ်အတွက် အဓိကမထားဘဲ စက်မှုဝန်ကြီးဌာနရပိုင်ခွင့်ကိုပဲ အံ့သြလောက်အောင် ဦးစားပေးပြီးတော့ အကျိုးသတ်မှတ်ထားတာ တင်ဒါတင်သွင်းခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါတယ်။ ၎င်းတင်ဒါစာရင်းကို သုံးသပ်မယ်ဆိုလို့ရှိရင် အစေးလှီး

လုပ်ငန်းတွင် ကြမ်းခင်း ၅၀ အချိုး ၅၀ အပေါ်မှာ ၈၀ အချိုး၂၀ ပေးထားသည်မှာ သံသယဖြစ်စရာ ရှိတယ်။ ထိန်းသိမ်းလုပ်ငန်းတွင် ကြမ်းခင်း ၄၀၊ ၆၀ အစား ၇၀၊ ၃၀ နှင့် ပြန်စိုက်လုပ်ငန်းတွင်ကြမ်းခင်း ၃၀၊ ၇၀ အစား ၆၀၊ ၄၀ ပေးထားသည်မှာ အလွန်တရာမှသံသယရှိစရာ ကောင်းပြီးပါးနပ်စွာတင်ပြ ထားသည်ကို တွေ့ရှိရမှာဖြစ်ပါသည်။ ဤကဲ့သို့ စက်မှုဝန်ကြီးဌာနအား အထူးဦးစားပေး၍ တင်ဒါတင် သွင်းထားရခြင်း အကြောင်းအရင်းများကို သိရှိလိုပါသဖြင့် စက်မှုဝန်ကြီးဌာန တင်ဒါဖွင့်ဖောက်သော တာဝန်ရှိသူမှ ကုမ္ပဏီတာဝန်ခံအားမေးမြန်းရာတွင် တင်ဒါတင်သွင်းသူ ကုမ္ပဏီတာဝန်ခံမှ ဖြေကြား သည်မှာ ၎င်းတို့သည် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ကုမ္ပဏီများဖွင့်လှစ်ထားပါကြောင်း ယခု တင်ဒါတင်သွင်းထားသော ရော်ဘာလုပ်ငန်းကို လုပ်ကိုင်ရန်အတွက် မလေးရှားကုမ္ပဏီနှင့် ပူးပေါင်း ၍ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ မလေးရှားကုမ္ပဏီမှ ကိုယ်စားလှယ်များ လာရောက်လေ့လာ ပြုလုပ်ခဲ့ပြီး မြေဆီဓာတ်ကိုပါတိုင်းတာမှု ပြုလုပ်ပြီးစီးခဲ့ပါကြောင်းနှင့် ရော်ဘာမျိုးကောင်းများရွေး ချယ်ခြင်း စိုက်ပျိုးပုံစနစ်၊ ထုတ်လုပ်မှုနည်းစနစ်ကွာခြားခြင်း နှင့် လုပ်သားစရိတ်သက်သာမှုတို့ကြောင့် စက်မှုဝန်ကြီးဌာနမှ မူလသတ်မှတ်ထားသော ကြမ်းခင်းနှုန်း ဖြစ်သည့် ၅၀ အချိုး ၅၀၊ ၄၀ အချိုး ၆၀၊ ၃၀ အချိုး ၇၀ အစား ၈၀ အချိုး ၂၀၊ ၇၀ အချိုး ၃၀၊ ၆၀ အချိုး ၄၀ အချိုးအတိုင်းပေးဆောင်ရန် သက်ဆိုင်ရာအကြီးအကဲမှ ညွှန်ကြားထားပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီတာဝန်ခံ၏ တင်ပြချက် များကိုသုံးသပ်မည်ဆိုပါက အဆိုပါ ရာဘာအကျိုးတူပူးပေါင်း လုပ်ကိုင်ရေးလုပ်ငန်းတွင် ကုမ္ပဏီ ဘက်မှတင်ပြထားသော တင်ဒါဈေးနှုန်းများမှာ ၎င်းတို့ရပိုင်ခွင့်ရရှိရေးကို လျော့ပေါ့စဉ်းစားပြီး အနစ်နာခံထား၍ စက်မှုဝန်ကြီးဌာနအတွက် အကျိုးခံစားခွင့်ပိုမိုရရှိအောင် ကြမ်းခင်းဈေးနှုန်းကို ပြုပြင်ပြီးသတ်မှတ်ခံစားခွင့်ပေးထားခြင်းသည် မှန်ကန်သော စေတနာ၊ ရိုးသားသည့်သဘောဖြစ် သည်/မဖြစ်သည်ကို လေးနက်စွာ စဉ်းစားဆုံးဖြတ်ရမည် ဖြစ်ပါသည်။ ကုမ္ပဏီ ပိုင်ရှင်များတို့သည် နှစ်ပေါင်း ၃၀ လုပ်ကိုင်ခွင့်ရသော ရော်ဘာကုန်ထုတ်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိရေးအတွက် Insentive သဘောဖြင့် မက်လုံးပေးထားခြင်းမျှသာဖြစ်မည်ဟု ခန့်မှန်းနိုင်ပါသည်။ ၎င်းမက်လုံးကို နှစ်သက်သဘောကျလက်ခံပြီး အဆိုပါစက်မှုကုန်ထုတ် ရော်ဘာလုပ်ငန်းကို လုပ်ပိုင်ခွင့်ပြုလိုက်မည် ဆိုပါက နောင်တစ်ချိန်တွင် တန်ဖိုးကြီးသော ပေးဆပ်မှုများပေးဆပ်ရမည့်အရေးကို ရင်လေးဖွယ်ရာ စိုးရိမ်မိပါကြောင်း တင်ပြလိုပါသည်။ တန်ဖိုးကြီးမားသည့် ပေးဆပ်မှုဆိုသည်မှာ တင်ပြပါ မြန်မာ နိုင်ငံသားအမည်ခံ ပြည်ပနိုင်ငံခြားသားပိုင်သောကုမ္ပဏီတို့က တင်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်

အသီးသီးရှိ ရော်ဘာကုန်ထုတ်လုပ်ငန်းကို လုပ်ပိုင်ခွင့်ရရှိပါက အထက်ပါကုမ္ပဏီတာဝန်ခံ၏ တင်ပြချက်အတိုင်း မလေးရှားနိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်မည်ဟု ဝန်ခံချက်အရ ၎င်းတို့လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်မည့်ဝန်ထမ်း၊ အလုပ်သမားများကို ပြည်ပမလေးရှားနိုင်ငံသို့မဟုတ် ၎င်းနိုင်ငံနှင့် လူမျိုးဘာသာ၊ ယဉ်ကျေးမှု ဆက်သွယ်သော နိုင်ငံများမှ လူမျိုးကွဲ၊ ဘာသာကွဲ၊ ယဉ်ကျေးမှုကွဲပြားသော လုပ်သားတို့ကို အလုပ်လုပ်ရန် ခေါ်ယူကြမည်ဖြစ်ပါသဖြင့် ကျွန်ုပ်တို့နိုင်ငံအတွင်းသို့ အဆိုပါလုပ်သားများ အစုလိုက်၊ အပြုံလိုက် ဝင်ရောက်လာကြပြီး အနည်းဆုံး နှစ်ပေါင်း ၃၀ ခန့် တရားဝင်ခြေကုတ် နေထိုင်ကြတော့ မည်ဖြစ်ပါသည်။ ထိုကာလများ အတွင်းလူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုမတူညီမှုကြောင့် ပေါ်ပေါက်လာမည့်ပြဿနာများ၊ ၎င်းပြဿနာကိုအခြေခံ၍ နိုင်ငံရေးရာများတွင် ထိပါးမှု၊ ရှုပ်ထွေးမှု၊ အန္တရာယ်ပြုလာမည့် အရေးကိစ္စ၊ ၎င်းအရေး ကိစ္စကြောင့် နယ်မြေပိုင်နက်စိုးမိုးမှုတို့ကိုပါ ပတ်သက်ဆက်နွယ်လာနိုင်မည့် အရေးဟူသမျှတို့အတွက် ပေးဆပ်ရမည့်တန်ဖိုးများတို့သည် တန်ဖိုးကြီးမားသော ပေးဆပ်မှုများဖြစ်ပါကြောင်း တင်ပြလိုပါသည်။ ၎င်းအရေးကို ကြိုတင်ကာကွယ်ထားရန် အထူးလိုအပ်လှပါကြောင်းကိုလည်း အထူးတစ်လည် တင်ပြအပ်ပါသည်။ ပြည်ပမှလူမျိုးခြား၊ ဘာသာခြား၊ ယဉ်ကျေးမှုခြားများ ဝင်ရောက်နေထိုင်အလုပ်လုပ်ကိုင်ကြရာမှာ ဒေသတွင်းတည်ငြိမ် အေးချမ်းရေးတဖြည်းဖြည်းလျော့နည်းလာပြီး ဆူပူလှုပ်ရှားအုံကြွမှုများ မကြာခဏဖြစ်ပေါ်လာ၍ ကြီးမားသောပြဿနာများ ဖြေရှင်းပေးနေရသော ရခိုင်ပြည်နယ် အရေးကို အထောက်အထား ဥပမာပြုတင်ပြလိုပါတယ်။ ဤသို့တင်ပြနေခြင်းသည် လူမျိုးဘာသာ၊ ယဉ်ကျေးမှုချင်းမတူညီကြတဲ့ ပြည်ပလူမျိုးများတို့အား အကြောင်းမရှိအကြောင်းရှာ မလိုတမာခါးသီးစွာ မုန်းတီး၍ပြောဆိုနေခြင်းမဟုတ်ပါကြောင်းကိုလည်း ဖြည့်ဆည်းတင်ပြလိုပါတယ်။ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး လူပေါင်းစုံတို့နှင့်ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရာလိုအပ်သည်ဆိုသော်ငြားလည်း ရေရှည်ကာလတွင် တင်ပြပါလူမျိုးရေးအခက်အခဲ အရှုပ်အရှင်းမဖြစ်ပေါ်စေဖို့ ကြိုတင်ကာကွယ်ထားရန် လိုအပ်ပါအုံးမည်ဖြစ်ကြောင်းကို လေးစားစွာတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင် ကုမ္ပဏီတာဝန်ခံ၏ တင်ပြချက်အရ မလေးရှားနိုင်ငံမှ ပညာရှင်များက မြေဆီဓာတ်ကိုတိုင်းတာမှုပြုလုပ်ခြင်း၊ ရော်ဘာမျိုးကောင်းမျိုးသန့်များ ရွေးချယ်ခြင်း၊ စိုက်ပျိုးပုံစနစ်နှင့် ထုတ်လုပ်မှုစနစ်နည်းပညာကောင်းများဆိုသည်မှာ အလွန်ထူးဆန်းသောကိစ္စတစ်ရပ်မဟုတ်ပါကြောင်း တင်ပြလိုပါတယ်။ အဆိုပါ နည်းပညာကောင်းများကို မြန်မာနိုင်ငံသားရော်ဘာလုပ်ငန်းရှင်များတို့ကလည်း ပြည်တွင်းနှင့် ပြည်ပနိုင်ငံတကာ အဆင့်မီတက္ကသိုလ်များမှာ

မှုကြမ်း

လေ့လာဆည်းပူးသင်ယူ တတ်မြောက်ထားသူ အများအပြားရှိပါသဖြင့် စာတွေ့လက်တွေ့နှစ်ရပ်စလုံးကိုလိုအပ်သလိုပိုင်နိုင်စွာ၊ ကျွမ်းကျင်စွာလုပ်ကိုင်နိုင်စွမ်းရှိကြပါသဖြင့် အဆိုပါ ရော်ဘာခြံများကို ပြည်ပကုမ္ပဏီအားလုပ်ကိုင်ခွင့်ပြုခြင်းထက် ဒေသခံတစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များတို့အား လုပ်ကိုင်ခွင့်ပြုသင့်ပါကြောင်း တင်ပြလိုပါတယ်။ အထူးတင်ပြလိုသည်မှာ ရော်ဘာစိုက်လုပ်ငန်း သုံးမျိုးပေးထားချက်တွင် တစ်မျိုးကို မက်လုံးပေးထားကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ၎င်းအချက်ကို ဂရုမပြုဘဲ အဆိုပါ ကုမ္ပဏီအား လုပ်ငန်းလုပ်ပိုင်ခွင့်ပြုမည်ဆိုပါက အလွန်တရာမှ ဝမ်းနည်းဖွယ်ရာဖြစ်ရပါမည်။ ၎င်းအပြင် ဒေသတွင်းဖွံ့ဖြိုးမှုကို ဟန့်တားသလိုဖြစ်ပြီး ပြည်တွင်း၏သယံဇာတကို အခြားမလိုလားအပ်သောသူများ၏ လက်သို့ရောက်ရှိသွားနိုင်သလို ၎င်းနှင့်ဆက်စပ်ပြီး လူမျိုးရေး၊ လုံခြုံရေး၊ နိုင်ငံရေးရာများတွင်လည်း ပြဿနာကြီးငယ်များ အကျိုးဆက်များ မလွဲမသွေတွေ့ကြုံခံစားရမည်ဟု ယူဆပါတယ်။ အဆိုပါကုမ္ပဏီအနေနှင့် တိုင်းရင်းသားပိုင်မဟုတ်ဘဲ အမည်ခံဆိုပါကအလွန်တရာမှ ဝမ်းနည်းဖွယ်ရာများ ရေရှည်တွင်ကြုံတွေ့လာနိုင်မည်ဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။ မိမိတို့ဒေသခံများအား သင့်တင့်လျောက်ပတ်သည့်နည်းနှင့် လုပ်ကိုင်ခွင့်ပြုမည်ဆိုပါက ပြည်တွင်းအကျိုးအမြတ် ပြည်တွင်းမှာသာခံစားရမှာဖြစ်ပြီး ဒေသတွင်းပုဂ္ဂိုလ်များ ရပ်သူရွာသားများအကျိုးခံစားရမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်ရောက်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းဟာ ၁၆ ရာခိုင်နှုန်းထိလျော့ကျလာစေရေးကိစ္စမှာ အဆိုပါ စက်မှုကုန်ကြမ်းဌာနကြီးကြပ်ရေးအောက်ရှိ စက်မှုရော်ဘာကုန်ကြမ်းထုတ်လုပ်ရေး ရော်ဘာခြံအားလုံးကို ဒေသခံရော်ဘာကုန်ထုတ်လုပ်ငန်းရှင်အားလုံးတို့အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးရေးကိစ္စမှာ အရေးကြီးသည့်လိုအပ်ချက် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း အလေးအနက်ထပ်ဆင့်ဖြည့်စွက်တင်ပြလိုပါတယ်။ အဆိုပါ စက်မှုရော်ဘာကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်းများအား ပြည်ပကုမ္ပဏီသို့ လုပ်ကိုင်ခွင့်ပြုမည်ဆိုပါက မြန်မာနိုင်ငံသားရော်ဘာကုန်ထုတ်လုပ်ငန်းပညာရှင်များတို့ လုပ်သားများတို့က ပြည်ပလက်အောက်ခံအစေအပါးလက်ဝယ်ခံဘဝသို့ ရောက်ရှိမည်ဖြစ်ပြီး လယ်ပိုင်ရှင်ဖြစ်၍ စာရင်းငှားအလုပ်လုပ်ရသည့် အဖြစ်မျိုးကဲ့သို့ဖြစ်နေပါကြောင်းကိုလည်း သက်ဆိုင်ရာတို့ကစဉ်းစားနိုင်ပါရန် လေးစားစွာတင်ပြ အစီရင်ခံလိုပါတယ်။ ဒေသခံရော်ဘာလုပ်ငန်းရှင်များတို့အား အဆိုပါရော်ဘာကုန်ထုတ်လုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခွင့်ပေးအပ်မည်ဆိုပါကဒေသခံများတို့သည် ပြည်ပသို့ရောက်ရှိနေသော မိမိတို့၏ဆွေမျိုးသားချင်းတို့ကို မိခင်ကျေးလက်ဒေသသို့အပြီးအပိုင်ခေါ်ယူကြမည်ဖြစ်ပြီး မိခင်ဒေသတွင် အခြေချလုပ်ကိုင်ကြမည်ဖြစ်ပါသဖြင့် လူ့အရင်းအမြစ်ဆုံးရှုံးရသော အန္တရာယ်မှ အထိုက်အလျောက်

လွှတ်ကင်းလျော့နည်းသွားနိုင်မည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုပြည့်ဝနေသော ဒေသခံ လုပ်သားကောင်းများတို့လည်း ပြန်လည်ရောက်ရှိလာမည်ဖြစ်သည့်အလျောက် နိုင်ငံတော်အတွက် တန်ဖိုးကြီး သောခွန်အားများ ရရှိလာမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြပါ အကြောင်းအရာ တို့နှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနအမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း၏အမှတ် (၂၇) ကုန်ကြမ်း ဌာနကြီးကြပ်မှုအောက်ရှိ ရော်ဘာခြံများကို မြန်မာနိုင်ငံသား အမည်ခံထားသော နိုင်ငံခြားသား ပိုင်ဆိုင်သည့်ကုမ္ပဏီတို့အား လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည့်အစား နယ်မြေအသီးသီးရှိ ဒေသခံ တစ်ပိုင်တစ်နိုင် ရော်ဘာစိုက်ပျိုး ကုန်ထုတ်လုပ်ငန်းရှင်များတို့အား သင့်တော်မည့် အချိုးအတိုင်းမျှတ စွာခွဲဝေ၍ ဦးစားပေးလုပ်ကိုင် ခွင့်ပြုနိုင်ပါရန် ပြည်သူများတို့၏ တောင်းဆိုချက်ကို ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာတို့အား အထူးတစ်လည်တိုက်တွန်းပန်ကြားလိုပါကြောင်းနှင့် အောက်ဖော်ပြပါ မေးခွန်း သုံး ရပ်ကို မေးလိုပါကြောင်းတင်ပြအပ်ပါတယ်။ မေးခွန်းအမှတ် (၁) အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၏ အမှတ်(၂၇)စက်မှုကုန်ကြမ်းဌာန ကြီးကြပ်မှုအောက်ရှိ ရော်ဘာ ခြံများကို မြန်မာနိုင်ငံသားပိုင်ဆိုင်မှုအမည်ခံထားသော မလေးရှားနိုင်ငံကိုယ်စားပြုထားသည့်ကုမ္ပဏီ ကြီးများနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင် ရန်ခွင့်ပြုမည်ဆိုပါက တင်ဒါစည်းကမ်းနှင့်လည်း ကိုက်ညီ မှုမရှိဟု ယူဆနိုင်ပါသဖြင့် ၎င်းတို့အားခွင့်ပြုမည့်အစား နယ်မြေအသီးသီးရှိ တစ်ပိုင်တစ်နိုင်ရော်ဘာ လုပ်ငန်း ရော်ဘာစိုက်ပျိုးကုန်ထုတ်ဒေသခံ လုပ်ငန်းရှင်များတို့အား လုပ်ငန်းလုပ်ပိုင်ခွင့်များကို သင့်တင့်မျှတစွာခွဲဝေပေးပြီး နှစ်ဦးနှစ်ဖက်သဘောတူသော အချိုးအတိုင်း အကျိုးတူဆောင်ရွက် ခွင့်ပြုနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ မေးခွန်းအမှတ်(၂) မြန်မာနိုင်ငံသားပိုင်မှုအမည်ခံ ထားသော မလေးရှားနိုင်ငံကိုယ်စားပြု ကုမ္ပဏီကြီးများအား ဖော်ပြပါစက်မှုလုပ်ငန်းကုန်ကြမ်း ရော်ဘာထုတ်လုပ်ရေးလုပ်ငန်းကို နှစ်ရှည်စီမံကိန်းဖြင့် လုပ်ကိုင်ခွင့်ပြုပါက ရေရှည်တွင် တင်ပြပါ လူမျိုးကွဲ၊ ဘာသာကွဲ၊ ယဉ်ကျေးမှုကွဲပြားသော ပြည်ပလုပ်သားများတို့၏ စိုးမိုးထိပါးမှုအန္တရာယ် အသီးသီးတို့ပေါ်ပေါက်လာပါက ၎င်းအန္တရာယ်မှ ကင်းလွတ်အောင် မည်ကဲ့သို့ကြိုတင်ကာကွယ်ပေး နိုင်ပါမည်နည်း။ မေးခွန်းအမှတ်(၃) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်မှုကုန်ကြမ်း ရော်ဘာကုန် ထုတ်လုပ်ရေးလုပ်ငန်းကို မြန်မာနိုင်ငံသားပိုင်ဆိုင်မှု အမည်ခံထားသော မလေးရှားနိုင်ငံ ကိုယ်စားပြု ထားသည့် ကုမ္ပဏီအားနှစ်ဖက်သဘောတူသော အချိုးဖြင့်အကျိုးတူပူးပေါင်းလုပ်ကိုင် ခြင်းအစား မြန်မာနိုင်ငံနယ်မြေအသီးသီးရှိ ဒေသခံတစ်ပိုင်တစ်နိုင် ရော်ဘာစိုက်ပျိုးကုန်ထုတ်လုပ်ငန်းရှင်များ

မူကြမ်း

တို့အား နှစ်ဖက်သဘောတူထားသောအချိုးဖြင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခွင့်ပြုမည်ဆိုပါက မြန်မာနိုင်ငံနှင့်မြန်မာနိုင်ငံဒေသခံတိုင်းရင်းသား လူမျိုးများအတွက် ပိုမိုအကျိုးသက်ရောက်မှုရှိမည်ဟု စက်မှုဝန်ကြီးဌာနအနေနဲ့ ယူဆပါမည်လား။ ယူဆမည်ဆိုပါက ယူဆချက်အတိုင်း လုပ်ငန်းအကောင်အထည်ဖော်ပါမည်လား။ မယူဆပါက အဘယ်အကြောင်းကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်ဖြစ်ပါတယ်။ ယခု အစည်းအဝေးမှာ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခ) ဦးနိုင်လှမောင်ရဲ့ အမှတ်(၂၇)စက်မှုကုန်ကြမ်းဌာနမှ ရာဘာခြံတို့ကို မြန်မာနိုင်ငံသားပိုင်ဆိုင်မှု အမည်ခံထားသော မလေးရှားနိုင်ငံကိုယ်စားပြုထားသည့်ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိနှင့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာမှာ နိုင်ငံပိုင်ကဏ္ဍများလျှော့ချ၍ ပုဂ္ဂလိကကဏ္ဍတိုးမြှင့်ရေးအတွက် စက်မှုဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်မှကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်သည့်စက်ရုံ၊ အလုပ်ရုံများမှအပ ကျန်စက်ရုံ၊ အလုပ်ရုံများအား ပုဂ္ဂလိကနှင့်ဖက်စပ်ဆောင်ရွက်ခြင်း(Joint Venture)၊ ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership) နှစ်တိုနှစ်ရှည်ငှားရမ်းခြင်း (Lease) တို့ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းရှိ ရော်ဘာခြံများအား ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နှင့် ၁၅ ရက်နေ့များတွင် မြန်မာ့အလင်းသတင်းစာ၌လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နှင့် ၁၆ ရက်များတွင် ကြေးမုံသတင်းစာ၌လည်းကောင်း စိတ်ပါဝင်စားသူများအား (Expression of Interest-EOI) တင်သွင်းရန်ဖိတ်ခေါ်ခဲ့ပါတယ်။ EOI တင်သွင်းသူများနှင့် အခြားစိတ်ဝင်စားသူများအား အမှတ်(၂)

အကြီးစားစက်ရုံ(ဘီးလင်း)မှာ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှာ တွေ့ဆုံရှင်းလင်း၍ အိတ်ဖွင့်တင်ဒါများအားခေါ်ယူခဲ့ပြီး ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ မနက် ၉ နာရီတွင် တင်ဒါတင်သွင်းမှုပိတ်ပင်ခဲ့ရာ အိတ်ဖွင့်တင်ဒါတင်သွင်းသူ ၅၇ ဦးရှိခဲ့ပါတယ်။ အဆိုပါတင်ဒါများကို ၎င်းစက်တင်ဘာလ ၁၆ ရက်နေ့ ၁၀ နာရီအချိန်တွင် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဦးဆောင်၍ ဖွင့်ဖောက်စစ်ဆေးခဲ့ပါတယ်။ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် တင်ဒါခေါ်ခဲ့တဲ့ ရော်ဘာခြံ ၂၆ ခြံအနက် ၂၁ ခြံအား တင်ဒါတင်သွင်းမှုရှိခဲ့ပြီး လျာထားသတ်မှတ်သော အခြေခံအချိုးနှုန်းမီသည့် ရော်ဘာခြံ ၂၀ ခြံအတွက်တင်ဒါတင်သွင်းသူ ၃၅ ဦးအား ပဏာမတင်ဒါအောင်မြင်သူများအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ပါတယ်။

ပဏာမတင်ဒါအောင်မြင်သူ လုပ်ငန်းရှင်/ကုမ္ပဏီ ၃၅ ဦးအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁) ၌ ခေါ်ယူတွေ့ဆုံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ ရင်းနှီးမြှုပ်နှံမည့်အခြေအနေ၊ နည်းပညာနှင့်အခြားအချက်အလက်များကိုစိစစ်ပြီး ကုမ္ပဏီ/လုပ်ငန်းရှင်ခြောက်ဦးကို အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အတည်ပြုရွေးချယ်ခဲ့ပါတယ်။ ရွေးချယ်ခဲ့တဲ့ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များကတော့ Myanmar Chemical &Machinery Co.,ltd၊ AJ Myanmar Co.,ltd၊ K Future Co.,ltd ငွေဟိန်းစံကုမ္ပဏီ၊ ဦးကျော်ဝင်း (သိမ်ကုန်းရပ်၊ ကမာဝတ်)နှင့် ဦးတင်မောင်ချို (မင်းရွာရော်ဘာခြံရှေ့) တို့ပဲဖြစ်ပါတယ်။

အကျိုးတူပူးပေါင်းဆောင်ရွက်ထားသည့် အထက်ဖော်ပြပါ ကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများသည် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများသာဖြစ်ပြီး၊ မြန်မာနိုင်ငံသားပိုင်ဆိုင်မှုအမည်ခံထားသော မလေးရှားနိုင်ငံကိုယ်စားပြုထားသည့် ကုမ္ပဏီများပါဝင်ခြင်းမရှိပါ။ တင်ဒါအောင်မြင်သော မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများကိုလည်း တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ပြုထားပါတယ်။ တစ်ပိုင်တစ်နိုင် ရော်ဘာစိုက်ပျိုးကုန်ထုတ်ဒေသခံ လုပ်ငန်းရှင်များဖြစ်တဲ့ ဦးတင်မောင်ချို၊ ဦးကျော်ဝင်းတို့နဲ့လည်း သင့်တင့်သည့်အကျိုးအမြတ်ခွဲဝေသည့်စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါတယ်။ တင်ဒါအောင်မြင်သည့် ဖော်ပြပါကုမ္ပဏီများသည် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများဖြစ်သည့်အတွက် လူမျိုးကွဲ၊ ဘာသာကွဲ၊ ယဉ်ကျေးမှုကွဲပြားသော ပြည်ပလုပ်သားတို့၏ စိုးမိုးထိပါးမှုပေါ်ပေါက်လာရန်မဖြစ်နိုင်ပါကြောင်း ဖော်ပြအပ်ပါတယ်။ စက်မှုဝန်ကြီးဌာနအနေနဲ့ ဝင်ငွေပိုမိုရရှိရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရော်ဘာခြံများ

အား ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဟု သုံးသပ်ယူဆပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စက်မှုဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်စစ်ဆေးရေးဌာန (EI) နှင့်ပတ်သက်၍ သိလိုသည့်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီစက်မှုဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ လျှပ်စစ်စစ်ဆေးရေးဌာနနဲ့ပတ်သက်လို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၀၈ ခုနှစ် မိုးကုတ် ဆန်းမား **ရူဘီမိုင်း** ကစတင်ပြီးတော့ လျှပ်စစ်ကို အသုံးပြုခဲ့ပြီးတော့ ၁၉၁၀ ခုနှစ်မှာ လျှပ်စစ်ဥပဒေကိုပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ ၁၉၇၄ ခုနှစ်မှာ စက်မှုဝန်ကြီးဌာနကနေပြီးတော့ ကြီးကြပ်လမ်းညွှန်မှုနဲ့ ဒီလျှပ်စစ်ဥပဒေကိုဆောင်ရွက်တဲ့အခါမှာ ၁၉၈၄ ခုနှစ်မှာ လျှပ်စစ်ဥပဒေပေါ်ပေါက်ပြီးတော့ ၁၉၈၅ ခုနှစ်မှာ ဒီလျှပ်စစ်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းကို ကျွန်တော်တို့ထုတ်ပြန်ဆောင်ရွက်နိုင်တာကိုလည်းပဲ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒီဥပဒေ၊ နည်းဥပဒေတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ယခင်က အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်မှာရှိတဲ့ စက်မှုကြီးကြပ်ရေးဦးစီးဌာနအောက်မှာရှိတဲ့ လျှပ်စစ်စစ်ဆေးရေးဌာန Electrical Inspector ခေါ် (EI) ကိုဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါအဖွဲ့ရဲ့အဓိကတာဝန်များဟာ ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဓာတ်အားထုတ်လုပ်သူ၊ ပို့လွှတ်သူ၊ ဖြန့်ဖြူးသူ (Supplier) နှင့် အသုံးပြုသူ (Consumer) တို့အကြားဟာ လျှပ်စစ်စစ်ဆေးရေး (Electrical Inspector) သည် ကြားခံအဖွဲ့အစည်းအဖြစ် Third Party အနေနဲ့ ဓာတ်အားသုံးစွဲသူများရဲ့အခွင့်အရေးကို နစ်နာမှုမရှိစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကြားခံအဖွဲ့အစည်းအနေနဲ့ စစ်ဆေးခြင်းနဲ့ အကြံပြုခြင်းများကိုဆောင်ရွက်နေရတယ်လို့သိရပါတယ်။ ကြားခံအဖွဲ့အစည်းဖြစ်တဲ့အတွက် ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူနှင့်မသက်ဆိုင်သော ဝန်ကြီးဌာနများရဲ့ကွပ်ကဲမှုအောက်မှာ ၁၉၁၀ ခုနှစ်မှစပြီးတော့ ခေတ်အဆက်ဆက်မဖြစ်အောင် ဆောင်ရွက်ပြီးတော့ အခြားဝန်ကြီးဌာနကနေပြီးတော့ တာဝန်ယူဆောင်ရွက်ခဲ့တာကိုလည်း သိရပါတယ်။ ဒါကိုဘာလို့တင်ပြရသလဲဆိုတော့ မကြာခင်မှာ ကျွန်တော်တို့လျှပ်စစ်ဥပဒေလည်း

လာပါတော့မယ်။ လာတဲ့အခါမှာ ကျွန်တော်တို့ ဒီလျှပ်စစ်စစ်ဆေးတဲ့သူနဲ့ လျှပ်စစ်ထုတ်လုပ်သူကြားမှာ ဥပဒေနဲ့ပတ်သက်လို့ ဒါဟာ အငြင်းပွားစရာများလည်းရှိနိုင်တဲ့အတွက် ကြိုတင်ပြီးတော့ ဒီမှာချပြ တင်ပြခြင်း ဖြစ်ပါတယ်။

ဒီလျှပ်စစ်စစ်ဆေးရေးဌာနအနေနဲ့ ဒီလုပ်ငန်းများကို ဥပဒေအရ ကျွန်တော်တို့ ၁၉၁၀ မတိုင်မီ ၁၉၁၀ နောက်ပိုင်းစခါစမှာ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ပုဂ္ဂိုလ်ရေးလွှမ်းမိုးမှုအရ အချို့ကိစ္စများမှာ မစစ်ဆေးနိုင်ကြောင်း၊ အစစ်အဆေးမခံကြကြောင်းလည်းသိရပါတယ်။ ဒါ့ကြောင့်လျှပ်စစ် ပြဿနာများလည်း ပေါ်ပေါက်ခဲ့တယ်လို့ ကျွန်တော်တို့ ကြားသိခဲ့ရဖူးပါတယ်။ ဒါ့ကြောင့် ဒီမေးခွန်းကို လည်းမေးရခြင်းဖြစ်ပါတယ်။ ဒီနေ့ တစ်တိုင်းတစ်ပြည်လုံးမှာ လျှပ်စစ်အန္တရာယ်နှင့်ပတ်သက်လို့ မီးလောင်တာ၊ လျှပ်စစ်ဝါယာ ရှော့ဖြစ်တာ ဒါတွေဟာလည်းပဲ တကယ်တော့ လျှပ်စစ်စစ်ဆေးရေးဌာနက သေသေချာချာစစ်ဆေးနိုင်လို့ရှိရင် ကျွန်တော်တို့ ဒါတွေဟာ အထိုက်အလျောက်လျော့ပါးသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့-

(က) သက်ဆိုင်ရာလျှပ်စစ်စစ်ဆေးရေးဌာနအနေဖြင့် ဥပဒေ၊ နည်းဥပဒေများပါအတိုင်း ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူများကို စစ်ဆေးနိုင်ခဲ့ခြင်းရှိ/မရှိ။ (ခ) နှစ်စဉ်လျှပ်စစ်ဓာတ်အား မတော်တဆမှုများနှင့်ပတ်သက်၍ လျှပ်စစ်စစ်ဆေးရေးဌာနအနေဖြင့် မည်မျှဆောင်ရွက်နိုင်ခဲ့သည်၊ သက်ဆိုင်ရာထုတ်လုပ်သုံးစွဲသည့်ဌာနသို့ မည်မျှအကြံပြုနိုင်ခဲ့သည်၊ အဆိုပါ စစ်ဆေးအကြံပြုချက်များအပေါ် သက်ဆိုင်ရာထုတ်လုပ်သူ၊ သုံးစွဲသူများမှ မည်မျှအထိ ထုတ်ပြန်သုံးစွဲဆောင်ရွက်နိုင်ခဲ့သည်တို့ကို သိလိုပါကြောင်းနှင့် ထုတ်လုပ်သူများမှ ဥပဒေအရစစ်ဆေးခံရန်ကိစ္စများအား အပြည့်အဝလက်ခံစစ်ဆေးခံယူမှုရှိ/မရှိ၊ စစ်ဆေးရန်လျှပ်စစ်စစ်ဆေးရေးဌာနသို့ အကြောင်းကြားခဲ့မှုများရှိ/မရှိသိလိုပါကြောင်း။ (ဂ) ယခုအခါ လျှပ်စစ်ဓာတ်အား သက်ဆိုင်ရာထုတ်လုပ်ဖြန့်ဖြူးသူများမှ ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး ဆက်လက်ပိုမိုဖြန့်ဖြူးရန်လည်း ရှိနေတဲ့အပေါ်မှာ သက်ဆိုင်ရာလျှပ်စစ်စစ်ဆေးရေးဌာနအနေနဲ့ အပြည့်အဝစစ်ဆေးနိုင်ရန် စီစဉ်ထားမှုရှိ/မရှိ။ ထိုသို့စစ်ဆေးနိုင်ရန်အတွက် လိုအပ်သောစစ်ဆေးရေးကိရိယာများ တိုးချဲ့ဝယ်ယူတပ်ဆင်ရေးရှိ/မရှိ။ မရှိလျှင် မည်သည့်အတွက်ကြောင့်ဖြစ်ပါသနည်း။ လျှပ်စစ်စစ်ဆေးရေးဌာနအနေဖြင့် ဦးစီးဌာနအဆင့်တိုးချဲ့ဖွဲ့စည်းရန်ရှိ/မရှိ။ မရှိလျှင် မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိလိုပါကြောင်းနှင့် တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် တာဝန်ရှိသည့်ဌာနတစ်ခုအနေဖြင့် ခံယူထားမည်ဆိုပါက စက်ကိရိယာများ တိုးချဲ့တပ်ဆင်ရန်ဖြစ်သလို

ကျွမ်းကျင်သူများဖြင့် တိုးချဲ့တပ်ဆင်ရန်နဲ့ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းပုံတိုးချဲ့ရန်လိုအပ်သည်ကို စက်မှုဝန်ကြီးဌာနအနေဖြင့် မူဝါဒရေးရာအရ ခံယူထားခြင်းရှိ/မရှိ သိလိုပါကြောင်းနှင့် စက်မှုဝန်ကြီး ဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုများ အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်နှင့်ဆိုင် သောကိရိယာများ ဘေးကင်းလုံခြုံစံချိန်မီဟုတ်/မဟုတ် စစ်ဆေးရန် စသည်တို့အတွက် သီးခြားဥပဒေ များဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရန် ရှိ/မရှိတို့ကို သိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၏ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်စစ် ဆေးရေးဌာနနှင့်ပတ်သက်၍သိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာန ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာန လျှပ်စစ်ကြီးကြပ်ရေးနှင့် စစ်ဆေး ရေးဦးစီးဌာနရှိ လျှပ်စစ်စစ်ဆေးရေးဌာန (EI) အနေနဲ့ လျှပ်စစ်ဥပဒေ၊ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများနဲ့အညီ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုများကိုစစ်ဆေးပေးပါရန် လျှောက်ထားလာခြင်း အားလုံးကို စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ လျှပ်စစ်စစ်ဆေးရေးမှူးချုပ်သည် လျှပ်စစ်အန္တရာယ် မတော် တဆမှုဖြစ်ပွားကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနထံမှ တည်ဆဲလျှပ်စစ်ဥပဒေပုဒ်မ ၁၅ အရ အကြောင်းကြားလာခဲ့လျှင်ဖြစ်စေ၊ စစ်ဆေးရေးမှူးတစ်ဦးဦးမှ အကြောင်းကြားလာလျှင်ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့် သိရှိသောအခါဖြစ်စေ လျှပ်စစ်ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၀ တို့အရ လျှပ်စစ်စစ်ဆေးရေးဝန်ထမ်းများအား အခင်းဖြစ်ပွားရာနေရာသို့ အမြန်ဆုံးသွားရောက်စေ၍ သက်ဆိုင်ရာပုဂ္ဂိုလ်များကိုစစ်ဆေးပြီး မတော်တဆဖြစ်ပွားမှုမှာ မည်သူ့၌တာဝန်ရှိသည်ကို စစ်ဆေး ဆုံးဖြတ်ပေးရပါတယ်။ လျှပ်စစ်စစ်ဆေးရေးဌာနအနေနဲ့ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလအထိ လျှပ်စစ်ဓာတ်လိုက်မှုအရေအတွက် ၁၂၆၁ ဦးရှိခဲ့ပြီး သေဆုံး သူဦးရေ ၁၀၇၇ ယောက်နှင့် ဒဏ်ရာရရှိသူ ၃၁၉ ဦးတို့ရှိကြောင်း တွေ့ရှိရပါတယ်။

စစ်ဆေးပြီးနောက် အလားတူ မတော်တဆမှုများ ထပ်မံမဖြစ်ပွားစေရန် မည်ကဲ့သို့ဆောင်ရွက်သင့်ကြောင်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ လျှပ်စစ်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၅၁ အပိုဒ်ခွဲ(ခ)အရ အကြံပြုပါတယ်။ အဆိုပါစစ်ဆေးအကြံပြုချက်များအပေါ် လျှပ်စစ်ဥပဒေ၊ လျှပ်စစ်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနဲ့အညီ လျော်ကြေးပေးခြင်းကိစ္စရပ်များ၊ မတော်တဆမှုတွင် တာဝန်ရှိသူများကို အရေးယူဆောင်ရွက်သည့်ကိစ္စရပ်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်ပါတယ်။ လျှပ်စစ်စစ်ဆေးရေးဌာန (EI) အနေနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဥပဒေအရ စစ်ဆေးခံယူမည်ဖြစ်ကြောင်း အကြောင်းကြားလာမှသာ စစ်ဆေးပေးနိုင်မည်ဖြစ်ပြီး အကြောင်းကြားလာခြင်းမရှိသောလုပ်ငန်းများကို စစ်ဆေးပေးနိုင်ခြင်းမရှိပါ။ ထို့ကြောင့် အကြောင်းကြားလာသောလုပ်ငန်းများနှင့် အကြောင်းကြားလာခြင်းမရှိသော လုပ်ငန်းများကိုပါ လျှပ်စစ်စစ်ဆေးရေးဌာန (EI) အနေနဲ့ အပြည့်အဝစစ်ဆေးနိုင်ရန်အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်များတွင် လျှပ်စစ်စစ်ဆေးရေးခရိုင်ရုံးများကိုပါ တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့စစ်ဆေးဆောင်ရွက်နိုင်ရန် လိုအပ်သော လျှပ်စစ်စစ်ဆေးရေးကိရိယာများကို နိုင်ငံတော်ရဲ့ခွင့်ပြုထားသော ငွေလုံးငွေရင်းအသုံးစရိတ်နှင့်လိုက်လျောညီထွေစွာ တိုင်းတာရေးကိရိယာများကို ပုံမှန်ဝယ်ယူဖြည့်တင်းလျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ ဦးဆောင်၍ စက်မှုဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် သတင်းစာတွင် ဖော်ပြပါရှိပြီးဖြစ်သော လျှပ်စစ်ဥပဒေကြမ်းအရ လျှပ်စစ်စစ်ဆေးရေးဌာနအား ဦးစီးဌာနအနေဖြင့်ဖွဲ့စည်းရန် အစီအစဉ်မရှိသေးသော်လည်း စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအား တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ခရိုင်ရုံးများ တိုးချဲ့ဖွဲ့စည်းပြီးပါက လျှပ်စစ်စစ်ဆေးရေးဌာနကိုပါ ထည့်သွင်းတိုးချဲ့သွားနိုင်မှာဖြစ်ပါတယ်။ လျှပ်စစ်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုများအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်နှင့်ဆိုင်သောကိရိယာများ၊ ဘေးကင်းလုံခြုံစံချိန်မီဟုတ်/မဟုတ် စစ်ဆေးနိုင်ရန်အတွက်လည်း ၁၉၈၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လျှပ်စစ်ဥပဒေကို လျှပ်စစ်ဝန်ကြီးဌာနမှ ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ နိုင်ငံတကာစံချိန်စံညွှန်းများကို အခြေခံ၍ မိမိတို့နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီဆီလျော်သော လျှပ်စစ်နှင့်အီလက်ထရောနစ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိတွင် လျှပ်စစ်ဥပဒေ ၁၉၈၄ နှင့် လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် တည်ရှိဆဲဖြစ်ပါ၍ လျှပ်စစ်လုပ်ငန်းတွင် လျှပ်စစ်အန္တရာယ်မကျရောက်စေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးကို လိုက်နာကြရမည့်အသိရှိကြရန်နှင့် ကိုင်တွယ်သူ၊ သုံးစွဲသူများ၏ပေါ့ဆမှု၊ မသိနားမလည်မှုကြောင့် လျှပ်စစ်သွယ်တန်းမှုနှင့် လျှပ်စစ်ပစ္စည်းများ၏ ချို့ယွင်းအားနည်းချက်များအား မှန်မှန်ကန်ကန်ဖော်ထုတ်သုံးသပ်၍ ပြုပြင်လိုက်နာရန်လိုအပ်ပါတယ်။ ထို့ပြင်ဗို့အား (Voltage) မတည်ငြိမ်မှုများအတွက် မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်ပြုပြင်ရန် လိုအပ်မည်ဖြစ်ပြီး စက်မှုဝန်ကြီးဌာနရှိ လျှပ်စစ်စစ်ဆေးရေးဌာနသည် လျှပ်စစ်နှင့်ပတ်သက်၍ Supplier နှင့် Consumer အကြား စစ်ဆေးပေးရသော Electrical Inspector ဖြစ်ပြီး နည်းပညာအရ Technically ဆောင်ရွက်ရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်တစ်ဝန်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းလုပ်ငန်းများ တိုးချဲ့မြှင့်တင်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ စက်မှုဝန်ကြီးဌာနရှိ လျှပ်စစ်စစ်ဆေးရေးဌာနအနေနဲ့လည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံသားမှတ်ပုံတင် စိစစ်ရေးကတ်ပြားများကို ကွန်ပျူတာဖြင့်ရိုက်နှိပ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့်၊ ဝမ်းတွင်းမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ရုံးများမှာ နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများထုတ်ပေးတဲ့အခါမှာ အချက်အလက်များကို လက်ရေးနဲ့ရေးသားပြီးတော့ ထုတ်ပေးနေတာကို သိရှိနေရပါတယ်။ မိမိနိုင်ငံအနေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ နိုင်ငံများနဲ့ယှဉ်တွဲနေနိုင်ရေး၊ ရေရှည်နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများ စနစ်တကျရှိရေးတို့အတွက် နိုင်ငံအတွင်းမှာ ဖွင့်လှစ်ထားရှိတဲ့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ခေတ်မီကွန်ပျူတာများတပ်ဆင်ပြီးတော့ နိုင်ငံသားမှတ်ပုံတင်စိစစ်ရေးကတ်ပြားများကို ကွန်ပျူတာများနှင့်ရိုက်နှိပ်ပြီး ဆောင်ရွက်ပေးရန် သက်ဆိုင်

ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ အကယ်၍ ရှိပါက မည်သည့်ကာလမှာဆောင်ရွက်ပေးမည်ကိုလည်း သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**နိုင်ငံသားစိစစ်ရေးကတ်ပြားများကို Smart Card အဖြစ် ပြောင်းလဲ၍ ရက်ပေါင်း ၂၈ ရက်အစား ၁၄ ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်နီနိုင်၊ လောက်ကိုင်မဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်နီနိုင်(လောက်ကိုင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်က တော့ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံသားကတ်ပြားများကို Smart Card အဖြစ်ပြောင်းလဲဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါ တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ရှိ သတင်းမီဒီယာများနှင့်တွေ့ဆုံပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို Smart Card အဖြစ်ပြောင်းလဲဆောင်ရွက်သွားမည်ဟု ပြောကြား သွားသည်ကို ကြားသိရပါသည်။ ယခု မွေးတိုးစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လျှောက် ထားရာတွင် တစ်ကျပ်၊ သုံးကျပ်၊ ခြောက်ကျပ်၊ တစ်ဆယ်ဖြင့် ရက်ပေါင်း ၂၈ ရက်အတွင်း ပြုလုပ် ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြည်သူများအနေဖြင့် မူသဘောအရဆောင်ရွက်ပေးနေသည်ကို သိရှိ နားလည်မိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးဖြစ်သော ၁-၃-၂၀၁၂ ရက်နေ့တွင် လူဝင်မှုကြီး ကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက် ဆက်တွဲပါ စီမံကိန်းလုပ်ငန်းများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးခဲ့ဖူးပါတယ်။ ကျွန်တော် ထည့်သွင်းစေလိုတဲ့အချက်များမှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ တစ်ဝှမ်းလုံးတွင် IT ကွန်ယက်တပ်ဆင်ပေးရန် ဖြစ်ပါတယ်။ ကွန်ယက်တပ်ဆင်ပြီးပါက နိုင်ငံသား ကတ်ပြားပြုလုပ်ရန်နှင့် သန်းခေါင်စာရင်းကောက်ယူရာတွင်လည်း များစွာအဆင်ပြေသွားမှာဖြစ်တဲ့

မူကြမ်း

အပြင် နိုင်ငံသား/တိုင်းရင်းသားအစစ်အမှန်ကို စိစစ်ရာတွင်လည်း တိကျမြန်ဆန်လွယ်ကူသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းမူကြမ်း၏လုပ်ငန်းစဉ်များတွင်လည်း ထူးခြားတဲ့လျာထားချက် ဆောင်ရွက်မှုများကိုလည်း မတွေ့ရှိရပါ။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁) နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွန်ပျူတာစနစ် Smart Card အဖြစ်ပြောင်းလဲ၍ ပြည်သူများလျှောက်ထားရာတွင် ရက်ပေါင်း ၂၈ ရက်အစား ၁၄ ရက်အတွင်းပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ (၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအား Smart Card အဖြစ်ပြုလုပ်ပေးပါက သတ်မှတ်နှုန်းထားများကို မည်သို့ကောက်ခံမည်ကို သိလိုပါသဖြင့် ၃၃၀ သောမြို့နယ်အတွင်းရှိ သန်း ၆၀ ပြည်သူများ၏ကိုယ်စား ရိုသေစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်၏ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးများတွင် ခေတ်မီကွန်ပျူတာများတပ်ဆင်၍ နိုင်ငံသားမှတ်ပုံတင်စိစစ်ရေးကတ်ပြားများကို ကွန်ပျူတာဖြင့်ရိုက်နှိပ်ပြီး ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးများတွင် ခေတ်မီကွန်ပျူတာများ တပ်ဆင်၍ နိုင်ငံသားမှတ်ပုံတင်စိစစ်ရေးကတ်ပြားများကို ကွန်ပျူတာဖြင့်ရိုက်နှိပ်ပြီး ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးမြန်းချက်နှင့်ပတ်သက်၍ ယခုခေတ်ကာလကို ဆက်သွယ်ရေးနည်းပညာ(Information Technology)ခေတ်ဟု တင်စားခေါ်ဝေါ်နေသကဲ့သို့ ဆက်သွယ်ရေးနည်းပညာ တစ်ဟုန်ထိုး တိုးတက်လျက်ရှိသည်နှင့်အမျှ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆက်သွယ်ရေးနည်းပညာများကိုအသုံးပြုကာ Identity Card, Passport အပါအဝင် Multipurpose Card များကိုထုတ်လုပ်အသုံးပြုလျက်ရှိနေကြောင်း တွေ့ရပါတယ်။ မိမိဝန်ကြီးဌာနအနေဖြင့် ထိုလုပ်ငန်းများအား ဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ လာရောက်ကမ်းလှမ်းရှင်းလင်းမှုများ ပြုလုပ်လျက်ရှိရာ ယနေ့အထိ ကုမ္ပဏီပေါင်း ၁၂ ခုရှိခဲ့ပြီးဖြစ်ပါသည်။ လက်ရှိကတ်စနစ်အစား Smart Card အဖြစ်ပြောင်းလဲလုပ်ဆောင်ရန်အတွက်လည်း အစီအမံများရေးဆွဲထားပြီးဖြစ်၍ ယခုကဲ့သို့ကုမ္ပဏီများအားခေါ်ယူတွေ့ဆုံနေခြင်း ဖြစ်ပါတယ်။ သို့ရာတွင် အခက်အခဲအချို့ကြောင့် အနည်းငယ်ကြန့်ကြာနေခြင်းဖြစ်ပါတယ်။ ထိုကဲ့သို့ IT နည်းပညာကို အသုံးပြုကာ Identity Card, Smart Card (နိုင်ငံသားစိစစ်ရေးကတ်)များ ထုတ်လုပ်သုံးစွဲရေးအတွက် လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေးကွန်ယက် (Communication Network)၊ IT နည်းပညာဖြင့် ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရေးတို့မှာ အဓိကလိုအပ်ချက်များဖြစ်သည်ကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ IT နည်းပညာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား Smart Card များ ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ပထမအဆင့် (ကနဦး) လုပ်ဆောင်ရမည့်ကိစ္စမှာ မြို့နယ်ရုံးများရှိ လူတစ်ဦးချင်း၏ ကိုယ်ရေးအကြောင်းအရာများကို Computer ဖြင့် အချက်အလက်ထည့်သွင်းခြင်း (Data Entry) ပြုလုပ်ပြီး ဆက်လက်၍ သက်ဆိုင်ရာမြို့နယ်ရုံးများအချင်းချင်း၊ မြို့နယ်ရုံးများနှင့် ခရိုင်/ပြည်နယ်/တိုင်းဒေသကြီး/ဦးစီးဌာန(ရုံးချုပ်)သို့ Network ချိတ်ဆက်ခြင်း၊ Data Base များတည်ဆောက်ခြင်း၊ Data Base Server များတည်ဆောက်ခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် ဥပမာ ဂျပန်၊ မလေးရှား၊ ထိုင်းနိုင်ငံတို့တွင် ထိုအခြေခံတည်ဆောက်ရေးလုပ်ငန်းများအတွက် ခြောက်နှစ်ကျော် ခုနှစ်နှစ်ကြာ အချိန်ယူရကြောင်းနှင့် ထိုင်းနိုင်ငံတွင်

ဘန်ကောက်နှင့် ပြည်နယ်၊ ခရိုင်မြို့ကြီးများတွင်သာ ဤစနစ်ဖြင့်ဆောင်ရွက်ပေးနိုင်ပြီး နိုင်ငံအစွန်အဖျားဒေသများတွင် (ဒေသအနှံ့) ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးကြောင်း လေ့လာသိရှိရပါတယ်။

ထို့ပြင် နိုင်ငံသားစိစစ်ရေးကတ်ပြားအား Smart Card အနေဖြင့် ထုတ်ပေးခြင်းသည် ရုံးဝန်ထမ်းကတ်ပြားများပြုလုပ်ခြင်း၊ ယာဉ်မောင်းလိုင်စင်ပြုလုပ်ခြင်းကဲ့သို့ ကိုယ်ရေးအချက်အလက်အနည်းငယ်ကိုဖော်ပြပြီး အလွယ်တကူ ဆောင်ရွက်လုပ်ဆောင်နိုင်ခြင်း မဟုတ်ပါ။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားအရည်အချင်းရှိ/မရှိ ဆုံးဖြတ်ရာတွင် မျိုးရိုးစဉ်ဆက်ဇယားပါ မိဘဘိုးဘွားများ၏ လူမျိုး၊ နိုင်ငံသားအခြေအနေ ကိုင်ဆောင်လက်မှတ်များဖြင့် တိုက်ဆိုင်စစ်ဆေးရသည့်အတွက် ယခင်နှစ်အဆက်ဆက်က မှတ်တမ်းရယူထားခဲ့သည့် အမျိုးသားမှတ်ပုံတင်မှတ်တမ်းပုံစံ-၁ များသည် စက္ကူဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်၍ ပထမဦးစွာ ဆောင်ရွက်ရမည့်လုပ်ငန်းမှာ အဆိုပါမှတ်တမ်းပုံစံ-၁ များကို Data Base တွင် Manual စနစ်မှ Digital စနစ်သို့ Data များကွန်ပျူတာဖြင့်ရိုက်ထည့်ရန်လည်း လုံလောက်သည့်အချိန် ယူရဦးမည်ဖြစ်ပါတယ်။ အဆိုပါ အမျိုးသားမှတ်ပုံတင်မှတ်တမ်းပုံစံ-၁များကို အခြားနည်းလမ်းတစ်ရပ်အနေဖြင့် Scan ဖတ်၍မှတ်တမ်းယူပါကလည်း နှစ်၆၀ ကျော် သိုလှောင်ထိန်းသိမ်းထားသည့် စာရွက်များဖြစ်၍ Scan ဖတ်သည့်အခါ စုတ်ပြဲပျက်စီးမှုမရှိခံနိုင်ရည်ရှိစေရေး၊ ခေတ်မီနည်းပညာများကို အသုံးပြုကာ ဆောင်ရွက်ရဦးမည်ဖြစ်ပါသည်။ စာရွက်ဖြင့်မှတ်တမ်းတင်ခဲ့သည့် Manual စနစ်မှ Digital စနစ်သို့ ပြောင်းလဲရမည့် ရန်ကုန်မြို့ မှတ်တမ်းခန်းရှိ ထိန်းသိမ်းထားရှိသော အမျိုးသားမှတ်ပုံတင်မှတ်တမ်း ပုံစံ-၁ စုစုပေါင်းမှာ ၂၈ သန်းခန့်နှင့် ပြည်နယ်/တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးတွင် ထိန်းသိမ်းထားရှိသော လူတစ်ဦးချင်း၏ကိုယ်ရေးအကြောင်းအရာ မှတ်တမ်းပုံစံ နိုင်-၂ စုစုပေါင်း သန်း၄၀ ကျော် ရှိနေသဖြင့် အချိန်ယူဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါသည်။ ထိုလုပ်ငန်းများပြီးစီးပါက နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းအား e-Registration System ဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို Smart Card များအဖြစ်ပြောင်းလဲဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စတင်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကုမ္ပဏီများစွာနှင့် ဆက်သွယ်တွေ့ဆုံနေဆဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အထက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီ ၁၂ ခုမှ ဤဝန်ကြီးဌာနသို့ လာရောက်ဆက်သွယ်ပြီး ၎င်းတို့၏စက်ပစ္စည်းအရည်အသွေးများကို ပြသခြင်း၊ Smart Card

လုပ်ငန်းစဥ်များပြသခြင်းကို ၁၈ ကြိမ် လာရောက်ပြသဆောင်ရွက်ပြီးဖြစ်ပါသည်။ ပုံစံများထိန်းသိမ်းထားသည့် ရန်ကုန်မြို့ မှတ်တမ်းခန်းရှိ ပုံစံများအား စမ်းသပ်၍ Digital ပြောင်းလဲခြင်းကို ၆ ကြိမ်နှင့် မြို့နယ်ရုံးနှစ်ရုံးတွင် ပြည်သူနှင့်လက်တွေ့ဆောင်ရွက်ခြင်းစမ်းသပ်မှု လေးကြိမ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့ဝန်ကြီးဌာနမှ e-Registration နှင့် Smart Card ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို IT ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များဖြင့်တိုင်ပင်ကာ ကြိုးပမ်းအားထုတ်ဆောင်ရွက် လျက်ရှိပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းအတွက် နိုင်ငံတော်သို့ ပေးသွင်းရငွေ ခြောက်ကျပ်နှင့် ဓါတ်ပုံခ၊ စာရွက်စာတမ်းမိတ္တူကူးခ စသည့်ကုန်ကျစရိတ်များကိုပင် ဝေးလံခေါင်ဖျားဒေသရှိ ပြည်သူအချို့အတွက် အခက်အခဲ အနည်းငယ်ရှိနေသေးပါကြောင်း ကွင်းဆင်းဆောင်ရွက်ချက်များအရ မျက်မြင်တွေ့ရှိခဲ့ရပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကွန်ပျူတာစနစ်ဖြင့် Smart Card ပြောင်းလဲလုပ်ဆောင်ပါက ကတ်တစ်ကတ်လျှင် တစ်ဒေါ်လာနှင့်အထက် ကုန်ကျနိုင်မည်ဖြစ်၍ ပြည်သူအားလုံးအတွက် အခက်အခဲရှိလာနိုင်သည် ဆိုသည့်အချက်ကိုလည်း ထည့်သွင်းစဥ်းစားနေသည့်အချက်ဖြစ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုအချိန်တွင် ရုံးသို့လာရောက်လုပ်ကိုင်ရန် အခက်အခဲရှိသူများအတွက် အဆင်ပြေစေရေး မိုးပွင့်စီမံချက်များဖြင့် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိနေသော်လည်း အလုပ်အကိုင်မအားလပ်ခြင်း၊ ခရီးသွားနေခြင်းများကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်နိုင်သူများရှိနေသေးကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ယခုကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်ရာတွင် စက်တည်ရှိရာရုံးသို့ လူကိုယ်တိုင်မဖြစ်မနေ လာရောက်ရခြင်းအပေါ် ပြည်သူများအတွက် ဝန်ထုတ်ဝန်ပိုး၊ တုန့်ပြန်မှု စသည်တို့ကိုလည်း ထည့်သွင်းစဥ်းစားနေရသည့်အချက်လည်း ဖြစ်ပါတယ်။ သို့ပါ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ဖြစ်ပေါ်လာရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာအဆင့်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဤလုပ်ငန်း အကောင်အထည်ဖော်ရန်မဖြစ်မနေဆောင်ရွက်သင့်သည့်ကိစ္စဖြစ်၍ တစ်နိုင်ငံလုံး တစ်ပြိုင်တည်းဆောင်ရွက်ရေး သို့မဟုတ် ဦးစားပေးနယ်မြေခွဲ၍ အပိုင်းလိုက်ဆောင်ရွက်ရေး လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေးနည်းပညာ Network များချိတ်ဆက်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးရေး စသည့်လုပ်ငန်းများနှင့်ပါ ချိတ်ဆက်စဥ်းစား၍ မိမိဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

မူကြမ်း

ဆက်လက်၍ ဒုတိယမေးခွန်းကို ကျွန်တော်ဆက်လက်ဖြေကြားပါမယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွန်ပျူတာစနစ် Smart Card အဖြစ်ပြောင်းလဲ၍ ပြည်သူများလျှောက်ထားရာတွင် ရက်ပေါင်း ၂၈ ရက်အစား ၁၄ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ၊ Smart Card ဖြင့်ပြုလုပ်ပေးပါက သတ်မှတ်နှုန်းထားအား မည်သို့ကောက်ခံမည်ကို သိရှိလိုပါကြောင်း စပ်လျဉ်းသည့်မေးမြန်းချက်နှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုခေတ်ကာလကို ဆက်သွယ်ရေးနည်းပညာများ (Information Technology) ခေတ်ဟု တင်စားခေါ်ဝေါ်နေသကဲ့သို့ ဆက်သွယ်ရေးနည်းပညာ တစ်ဟုန်ထိုးတိုးတက်လျက်ရှိသည်နှင့်အမျှ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ Identity Card, Passport အပါအဝင် Multipurpose Card များကို ထုတ်လုပ်အသုံးပြုလျက်ရှိကြောင်း တွေ့ရပါတယ်။ IT နည်းပညာကို အသုံးပြုကာ Identity Card, Smart Card များသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားအပြည့်အဝရရှိရေး၊ ဆက်သွယ်ရေးကွန်ယက် (Communication Network)ကောင်းမွန်ရေး၊ IT နည်းပညာဖြင့် ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ရရှိရေးတို့သည် အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ IT နည်းပညာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ပထမအဆင့် (ကနဦး) လုပ်ဆောင်ရမည့်ကိစ္စမှာ မြို့နယ်ရုံးများရှိ လူတစ်ဦးချင်း၏ ကိုယ်ရေးအကြောင်းအရာများကို Computer ဖြင့် အချက်အလက်ထည့်သွင်းခြင်း ပြုလုပ်ပြီး ဆက်လက်၍ သက်ဆိုင်ရာမြို့နယ်ရုံးများအချင်းချင်း၊ မြို့နယ်ရုံးများနှင့် ခရိုင်/ပြည်နယ်/တိုင်းဒေသကြီး/ဦးစီးဌာန(ရုံးချုပ်)တို့ Network ချိတ်ဆက်ခြင်း၊ Data Base များတည်ထောင်ခြင်း၊ Data Base Server များတည်ဆောက်ခြင်းကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် ဥပမာ- ဂျပန်၊ မလေးရှား၊ ထိုင်းနိုင်ငံတို့တွင် ထိုသို့အခြေခံတည်ဆောက်ရေးလုပ်ငန်းများအတွက် ခြောက်နှစ်ကျော် ခုနှစ်နှစ်ကြာ အချိန်ယူရကြောင်းနှင့် ထိုင်းနိုင်ငံတွင်

ဘန်ကောက်နှင့် ပြည်နယ်၊ခရိုင်မြို့ကြီးများတွင်သာ ဤစနစ်ဖြင့်ဆောင်ရွက်ပေးနိုင်ပြီး နိုင်ငံအစွန်အဖျားဒေသများတွင် (ဒေသအနှံ့) ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးကြောင်း လေ့လာသိရှိရပါတယ်။

ထို့ပြင် နိုင်ငံသားစိစစ်ရေးကတ်ပြား Smart Card အနေဖြင့် ထုတ်ပေးခြင်းသည် ရုံးဝန်ထမ်းကတ်ပြားများပြုလုပ်ခြင်း၊ ယာဉ်မောင်းလိုင်စင်ပြုလုပ်ခြင်းကဲ့သို့ ကိုယ်ရေးအချက်အလက် အနည်းငယ်ကိုဖော်ပြပြီး အလွယ်တကူလုပ်ဆောင်နိုင်ခြင်းမျိုးမဟုတ်ဘဲ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားအရည်အချင်းရှိ/မရှိ ဆုံးဖြတ်ရာတွင် မျိုးရိုးစဉ်ဆက်ဇယားပါ မိဘဘိုးဘွားများ၏ လူမျိုး၊ နိုင်ငံသားအခြေအနေ ကိုင်ဆောင်လက်မှတ်များဖြင့် တိုက်ဆိုင်စစ်ဆေးရသည့်အတွက် ယခင်နှစ်အဆက်ဆက်က မှတ်တမ်းရယူခဲ့သည့် အမျိုးသားမှတ်ပုံတင်မှတ်တမ်းပုံစံ-၁များသည် စက္ကူဖြင့်မှတ်တမ်းတင်ထားခြင်းဖြစ်၍ ပထမဦးစွာ ဆောင်ရွက်ရမည့်လုပ်ငန်းမှာ အဆိုပါမှတ်တမ်းပုံစံ-၁ များကို Data Base တွင် Manual စနစ်မှ Digital စနစ်သို့ Data များကွန်ပျူတာဖြင့် ရိုက်ထည့်ရန်လည်း လုံလောက်သည့် အချိန်ယူရဦးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အဆိုပါ အမျိုးသားမှတ်ပုံတင်မှတ်တမ်းပုံစံ-၁များကို အခြားနည်းလမ်းတစ်ရပ်အနေဖြင့် Scan ဖတ်၍ မှတ်တမ်းယူပါကလည်း နှစ် ၆၀ ကျော် သိုလှောင်ထိန်းသိမ်းထားသည့် စာရွက်များဖြစ်၍ Scan ဖတ်သည့်အခါ စုတ်ပြဲပျက်စီးမှုမရှိ ခံနိုင်ရည်ရှိစေရေး ခေတ်မီနည်းပညာများကို အသုံးပြုကာ ဆောင်ရွက်ရဦးမည်ဖြစ်ပါသည်။ စာရွက်ဖြင့်မှတ်တမ်းတင်ခဲ့သည့် Manual စနစ်မှ Digital စနစ်သို့ ပြောင်းလဲရမည့် မိမိဝန်ကြီးဌာနမှတ်တမ်းခန်းတွင် ထိန်းသိမ်းထားရှိသည့် အမျိုးသားမှတ်ပုံတင်မှတ်တမ်း ပုံစံ-၁ စုစုပေါင်း ၂၈ သန်းခန့်နှင့် ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များတွင် ထိန်းသိမ်းထားသော ကိုယ်ရေးအကြောင်းအရာမှတ်တမ်း ပုံစံ-၂ များသည် သန်း ၄၀ ကျော်ဖြစ်သဖြင့် အချိန်ယူဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဤလုပ်ငန်းများပြီးစီးပါက နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းအား e-Registration System ဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို Smart Card အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဝန်ထမ်းကတ်ပြားများ၊ ယာဉ်မောင်းလိုင်စင်များသည် ပလပ်စတစ်ပြားပေါ်တွင် ကွန်ပျူတာစာလုံးဖြင့် ရိုက်နှိပ်ထားခြင်းသာဖြစ်ပြီး Smart Card တွင် IC.Chip ပြားတစ်ခု၊ Magnetic Stripe ၊ 2D Barcode နှင့် Optical Memory Card များပါဝင်မည်ဖြစ်ပြီး IC. Chip ပြားတွင် ID Function များနှင့် လက်ဗွေ၊ မျက်လုံးအစရှိသည့် Biometric Data များထည့်သွင်းနိုင်မည်ဖြစ်ပြီး Optical Memory Card တွင်

မူကြမ်း

Financial Function များ၊ Additional Function များဖြစ်သော ဥပမာ- medical, driver's License အစရှိသည်တို့လည်း ထည့်သွင်းနိုင်မည့် ကတ်ပြားမျိုးဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့ ဝန်ကြီးဌာနမှ e-Registration နှင့် Smart Card ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို IT ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ညှိနှိုင်းတိုင်ပင်ကာ ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေနှင့် ပြည်သူများ၏နိုင်ငံသား စိစစ်ရေးကတ်ပြားလျှောက်ထားမှုအား အများဆုံး ၂၈ ရက်အတွင်း ဆောင်ရွက်ပေးရန် သတ်မှတ်ညွှန် ကြားထားပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားရာတွင် ပါရှိရမည့် အချက်အလက် အထောက်အထားများကိုလည်း ပြည်သူများမြင်သာစေရန် ရုံးတိုင်းတွင် ဗီနိုင်းများဖြင့်ရေးဆွဲ၍ ကြေ ညာထားပြီးဖြစ်ပါတယ်။ အထောက်အထားများဖြင့် ပြည့်စုံစွာတင်ပြလျှောက်ထားသူများအား နေ့ချင်း ပြီးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရုံးလုပ်ငန်းအနည်းအများပေါ် မူတည်၍ တစ်ရက်၊ နှစ်ရက်၊ သုံးရက် အတွင်းလည်း ပြီးစီးအောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထောက်အထားပြည့်စုံစွာဖြင့် ရုံးသို့ လာရောက်လျှောက်ထားသူများအား ထိုကဲ့သို့ သုံး၊လေးရက်အတွင်း ဆောင်ရွက်ပေးနိုင်သော်လည်း အချို့လျှောက်ထားသူများ၏ မိဘဘိုးဘွားများသည် ယခင်က အခြားမြို့နယ်များတွင် နေထိုင်ခဲ့ပြီး ထိုမြို့နယ်များတွင် အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရယူထား သူများဖြစ်ပါက သက်ဆိုင်ရာမြို့နယ်များသို့ အထောက်အထားမှန်ကန်မှုရှိ/မရှိ ပြန်လည်မေးမြန်းစိစစ် ပြီးမှသာ ဆောင်ရွက်ပေးရသဖြင့် သုံး၊ လေးရက်အတွင်းပြီးစီးအောင် ဆောင်ရွက်ရန် မဖြစ်နိုင်ပါ။ သက်ဆိုင်ရာမြို့နယ်များ၏ ပြန်ကြားချက်ပေါ် မူတည်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရသဖြင့် အများဆုံး ၂၈ ရက်အတွင်း မဖြစ်မနေဆောင်ရွက်ရန် မိမိဝန်ထမ်းများအား သတ်မှတ်ညွှန်ကြား ထားခြင်းသာ ဖြစ်ပါတယ်။ ထို့အပြင် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေး သည့်ကိစ္စများတွင်လည်း ကွင်းဆင်းခရီးအသွားအပြန်ကြာမြင့်ချိန်အားဖြင့်လည်းကောင်း၊ ဓာတ်ပုံရရှိမှု ပေါ်တွင်မူတည်၍လည်းကောင်း၊ ရုံးလက်ခံမှတ်ပုံတင်စာအုပ်များတွင် ရေးသွင်းရန်ကြာမြင့်ချိန်ပေါ် တွင်မူတည်၍လည်းကောင်း အထိုက်အလျောက်အချိန်ယူရမည်ဖြစ်ပါသည်။ ထိုသို့ ကြန့်ကြာမှုမျိုး မဖြစ်စေရန် မိမိဝန်ထမ်းများအား အများဆုံး ၂၈ ရက်အတွင်း ကတ်ပြားထုတ်ပေးပြီးစီးအောင် ဆောင် ရွက်ရန် ညွှန်ကြားထားခြင်းသာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှတင်ပြလာသည့် နိုင်ငံသား စိစစ်ရေးကတ်ပြားလျှောက်ထားရာတွင် အထောက်အထားပြည့်စုံစွာ တင်ပြနိုင်သူများအား ၁၄ ရက်

အတွင်းပြီးစီးအောင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အထက်ဖော်ပြပါ အချိန်ယူဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များအတွက် ၁၄ ရက်အချိန်သည် လုံလောက်မှုမရှိသဖြင့် အများဆုံး ၂၈ ရက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးပါ။

**ဦးကျော်နီနိုင်(လောက်ကိုင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လောက်ကိုင်မှာ မိုးပွင့်အဆင့်စီမံကိန်းကို ကျွန်တော်ဦးစီးပြီးမှ ကျွန်တော်လုပ်ခဲ့ပါတယ်။ One Stop Service နဲ့လည်း ကျွန်တော်တို့လုပ်တာ အဆင်ပြေခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လေးလပိုင်းမှာ ဧပြီမှာ ကျေးရွာအုပ်စုတစ်ခုကို ကျွန်တော်တို့သွားလုပ်ခဲ့တယ်။ လုပ်တော့ ကျွန်တော်တို့အမှုပေါင်း ၆၃၄ မှုကို ကျွန်တော်တို့ ပြည်နယ်ကိုတင်ရတယ်။ ကျွန်တော်တို့ လားရှိုးကိုတင်ရတယ်။ တင်ရပြီးမှ နာယကရဲ့ခရီးစဉ်မှာ ကျွန်တော် နာယကကြီးကိုတင်ပြတယ်။ အဲ့ဒီကျမှ ကျွန်တော်တို့ ပြန်လည်ရရှိတယ်။ ကျွန်တော်တို့ မိုးပွင့်အဆင့်တောင်မှ ရှစ်လလောက်ကြာသွားပါတယ်ခင်ဗျား။ ဆိုတော့ ကျွန်တော်ဝန်ကြီးကို မေတ္တာရပ်ခံချင်တာက ကျွန်တော်တို့သတ်မှတ်တဲ့ရက်အတွင်း ပြီးစီးပေးအောင်လုပ်ပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ပြန်လည်မေးမြန်းချက်နှင့် ပတ်သက်ပြီးတော့ ကျွန်တော်ခုနက တင်ပြပြီးလည်းဖြစ်ပါတယ်။ အချက်အလက်လုံလောက်လို့ရှိရင် ကျွန်တော်တို့ လုံလောက်တဲ့အချက်အလက် ပေါ်မူတည်ပြီးတော့ ၂၈ ရက်အတွင်း ဆောင်ရွက်ပေးပါမယ်ဆိုတာ ကျွန်တော်ဖော်ပြပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာကာယကံရှင်များအနေနဲ့လည်း ကျွန်တော်တို့ဆီကလိုအပ်တဲ့ အချက်အလက် ပြည့်ပြည့်စုံစုံဖြစ်ဖို့ လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

မူကြမ်း

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ကျွဲနွားများအား လက်မှုလယ်ယာဘဝပိုင်ဆိုင်သော လယ်သမားအကျိုးပြု နွားဈေးရှိရာဒေသသို့ သယ်ဆောင်ရောင်းဝယ်မှုအား ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိုးသိမ်း၊ ကလေးဝမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လေ့လာသူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးခွင့်ရတဲ့အတွက် ခွင့်ပြုသော ဥက္ကဋ္ဌကြီးအား အထူးကျေးဇူးတင်ရှိပါတယ်။ ဘာလို့လဲဆိုတော့ ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နံတစ်လျားမှာဖြစ်ပေါ်နေတဲ့ ကျွဲနွားတွေ ပြည်တွင်းမှာဖမ်းဆီးနေတဲ့ကိစ္စ ဒီကိစ္စနှင့်ပတ်သက်လို့လည်း ကျွန်တော်တို့ အခု နစ်နာတဲ့သူတွေ၊ ဆုံးရှုံးတဲ့လူတွေ၊ ဘဝပျက်တဲ့လူတွေက ဒုနဲ့ဒေးဖြစ်နေပါတယ်။ ဒါတွေဟာမှန်ကန်တဲ့ လယ်ယာလုပ်ငန်းအတွက် အသုံးပြုမယ့်လူတွေအတွက်သာ ဖြစ်ပါတယ်။ နိုင်ငံခြားထုတ်ဖို့ဆိုတဲ့ကိစ္စတွေကတော့ ကျွန်တော်တို့ ဒါနစ်နာတယ်လို့မဆိုနိုင်ပါဘူး။ အခု ကျွန်တော်တို့မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးနိုင်ငံကနေ စက်မှုနိုင်ငံကိုကူးပြောင်းတယ်ဆိုပေမယ့် တချို့ကျေးလက်တောရွာတွေမှာ ကျွဲနွားကိုအားကိုးပြီးတော့ အမှီသဟဲပြုပြီးမှ လုပ်ကိုင်နေရတဲ့ လယ်ယာတွေလည်းအများကြီးရှိပါတယ်။ လုပ်ကိုင်နေကြတဲ့သူတွေလည်း ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သမိုင်းကိုကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ ကျွဲ၊ နွားကိုအားကိုးပြီးတော့ပဲ ကျွန်တော်တို့က လယ်ယာလုပ်ငန်းကိုလုပ်ကြတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒါကြောင့်မို့လည်း

မြန်မာနိုင်ငံအလယ်ပိုင်းမှာ နွားပွဲလို့ခေါ်တဲ့ နွားတွေ အရောင်းအဝယ်လုပ်တဲ့ အရပ်ဒေသတွေရှိပါတယ်။ အဲဒီထဲမှာမှ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ အထက်ချင်းတွင်းမှာ ကျွန်တော်တို့ ထူးထူးခြားခြားပါပဲ။ ကျွန်တော်တို့ ကလေးမြို့တစ်မြို့တည်းပဲရှိပါတယ်။ ကလေးမြို့မှာ နွားပွဲဆိုတဲ့ ဈေးရှိပါတယ်။ အဲဒီဈေးကို ကျွန်တော်တို့ ဒေသခံတွေက တောင်သူလယ်သမားတွေကရော နီးစပ်ရာမြို့နယ်ကပါ လာရောက်ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ပြီး လာရောက်ရောင်းချတာတွေလည်း ရှိခဲ့ပါတယ်။ အဲဒီရှိတဲ့အထဲမှာ ကျွန်တော်တို့ အခုတွေ့ကြုံခဲ့ရတာက ပြည်တွင်းမှာ အဓိကကျတဲ့ လယ်ယာလုပ်ငန်းရဲ့ကုန်ထုတ်ကိရိယာဖြစ်တဲ့ ကျွဲ၊ နွားတွေ သယ်ဆောင်တာကို ကျွန်တော်တို့ ဥပဒေနဲ့မညီဘူးဆိုပြီးတော့ ဖမ်းပြီးတော့ ကျွန်တော်တို့ ကျွဲ၊ နွားတွေကိုသိမ်းတယ်။ လူတွေကိုထောင်ချ ဒီကိစ္စတွေကြုံခဲ့ပါတယ်။ အဲဒီတော့ ဒီကိစ္စတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဒီနေ့ ပွင့်လင်းမြင်သာမှုရှိတဲ့ခေတ်မှာ ဒီကိစ္စတွေကို ကျွန်တော်တို့ နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို ထိခိုက်နေတဲ့အတွက် ကျွန်တော်က ဒီလိုတင်ပြရခြင်းဖြစ်ပါတယ်။ ဖြစ်ရပ်လေးတစ်ခုအနေနဲ့ပြောရရင်တော့ ကျွန်တော်တို့ နွားပွဲဆိုတဲ့ နွားဈေးရှိတဲ့ ကလေးမြို့နဲ့ ကလေးဝက ၂၄ မိုင်ဝေးပါတယ်။ အဲဒီ ၂၄ မိုင်ကြားထဲမှာမှ ကျွန်တော်တို့ ကွန်ပျူတာတက္ကသိုလ်ဆိုတာရှိပါတယ်။ အဲဒီနားမှာ နွားပွဲကို သယ်ပြီးရောင်းမယ့်နွားလေးတွေကို အဖမ်းခံရပါတယ်။ နွားကို သယ်သွားတဲ့သူက အားလုံးပေါင်း ခြောက်ယောက်ပါ။ နွားက ၂၃ ကောင်ပါ။ အဲဒီ ၂၃ ကောင်ကိုလည်း သိမ်းတယ်။ နောက်ပြီးတော့ တစ်ခါ လူတွေလည်း ထောင်ခြောက်လစီကျတယ်။ နွားပွဲကိုရောင်းဖို့ သွားတဲ့ ကုန်ပစ္စည်းကို လမ်းကနေတားဆီးတယ်။ ပြည်တွင်းမှာဖြစ်ပါတယ်။ နိုင်ငံခြားကို ခိုးထုတ်တဲ့ လမ်းမဟုတ်ပါဘူး။ နိုင်ငံခြားကို ခိုးထုတ်တဲ့လမ်းအနေအထားနဲ့ဆိုရင် ကျွန်တော်တို့ ငြင်းပယ်စရာမရှိပါဘူး။ ဒီနေ့ရင်ဆိုင်နေကြတာက တောင်သူလယ်သမားတွေက မိမိနွားတွေအိုမင်းရင့်ရော်ရင် နွားအစားလဲတာ။ နွားအစားလဲပြီးတော့ အဟောင်းကိုအသစ်လုပ်ဖို့၊ သွားရောက်ပြီးဝယ်ကြဖို့ နီးစပ်ရာရွာသူရွာသား အပေါင်းအသင်းတွေနဲ့ပေါင်းပြီးတော့ သွားဝယ်မယ်။ ဝယ်ရင်လိုက်ကြမှာလား။ လိုက်ရင်လည်း အပို တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင် အဲလိုဆောင်းပြီးဝယ်တတ်ကြပါတယ်။ အဲဒီကရတဲ့အမြတ်အစွန်းက သူတို့ရဲ့ကုန်ထုတ်ကိရိယာဖြစ်တဲ့ သုံးစွဲမယ့်နွားပေါ်မှာ ဈေးချိုချိုနဲ့သုံးစွဲနိုင်အောင်ဆိုတဲ့ဟာမျိုးတွေနဲ့ ဝယ်လာကြတာ။ အဲဒီတော့ ကျွန်တော်တို့ ဒီနေ့ကြုံနေရတဲ့ကိစ္စက ပြည်တွင်းမှာ အဓိကကုန်ထုတ်ကိရိယာဟာ တစ်ချိန်က လျှမ်းလျှမ်းတောက်ပစ္စည်းဖြစ်ခဲ့တဲ့ ကျွဲ၊ နွားတွေကို ကျွန်တော်တို့သယ်ဆောင်တာတောင်မှ ဒီလို တရားဥပဒေနဲ့ ငြိစွန်းနေတယ်ဆိုပြီး ဖမ်းဆီးတဲ့ကိစ္စတွေ အခုကြုံနေပါတယ်။ ကျွန်တော်တို့ ဒီနွားဈေး၊ နွားပွဲဆိုတာကလည်း မြန်မာပြည်အလယ်ပိုင်းမှာ အများ

ကြီးပါပဲ။ မြို့တွေမှာ တရားဝင်ရှိပါတယ်။ သူတို့ရဲ့ နွားပွဲမှာလာရောက်ရောင်းချတဲ့သူတွေကလည်း နွားအလှတွေကိုရောင်းတယ်။ တန်ဖိုးရှိရှိနဲ့ရောင်းတယ်။ နွားအလှပြိုင်ပွဲတွေ၊ လှည်းယာဉ်ပြိုင်ပွဲတွေ အတွက်လည်း ဒါလိုချင်တဲ့သူတွေဝယ်နိုင်အောင် ရောင်းချင်တဲ့သူကလာရောင်းတဲ့အနေအထားပါ။ အဲဒီတော့ ကျွန်တော်တို့ ဒီလယ်ယာမြေလုပ်ငန်းရဲ့ အဓိကကျတဲ့ မတတ်နိုင်သေးတဲ့လူတွေ လယ်ယာ မြေအနေအထားအရ ထွန်စက်နှင့်သုံးလို့မရတဲ့လယ်မြေတွေမှာ ကျွန်တော်တို့ဒီနွားတွေ၊ ကျွဲ၊ နွား တွေဟာ အဓိကကျပါတယ်။ နောက် ဒီကျွဲ၊ နွားတွေရှိမှ လုပ်လို့ရပါတယ်။ ကျွန်တော် အတွေ့အကြုံ တစ်ခုနှင့်ပြောရင်တော့ ကလေးမြို့နယ်၊ သဖန်းအိုင်ရွာမှာ ကျွန်တော်ရဲ့အသိတွေအများကြီးရှိပါတယ်။ ဘယ်လောက်ထိ ဆင်းရဲသလဲဆိုရင် နွားတစ်ကောင်တည်းရှိတဲ့အတွက် နွားလာငှားရတယ်။ ကလေးဝ အထိ။ နွားမရတဲ့အတွက် ကျွဲတော့ရသွားတယ်။ ကျွဲတစ်ဖက်၊ နွားတစ်ဖက်နဲ့ ထွန်ရတဲ့ဘဝတွေ ရှိပါ တယ်။ တချို့က မိုးတစ်မိုးဆိုရင် စပါးတင်း ၄၀ ပေးရတယ်။ ဆောင်းဆိုရင် ဆီတစ်ပုံးပေးရတယ်။ ငှားပြီးတော့လုပ်ကြရတဲ့ လယ်သမားဘဝတွေလည်းရှိပါတယ်။ အဲဒီတော့ အဲဒီအချိန်မှာ အခုကျွန်တော် ကြုံခဲ့တဲ့ကိစ္စလေးတွေက ကြားနေပါတယ်။ တချို့ ချမ်းသာတဲ့နယ်မြေမှာလည်း ရေခဲရိုက်တွေဖမ်းထား တာ၊ ရေခဲရိုက်တွေတင်ပို့တာ။ ဒါတွေကိုတော့ ကျွန်တော်တို့နည်းမျိုးစုံနဲ့ တားဆီးနေတာကိုတော့ ဝမ်းသာပါတယ်။ ကျွန်တော်တို့ လယ်ယာသုံးပစ္စည်းအနေနဲ့ လယ်သမားတွေကိုယ်တိုင် စုစည်းပြီး တစ်ရွာတည်းသား သုံး၊ လေး၊ ငါးယောက် စုစည်းပြီး ရှိတာလေးတွေပေါင်နှံရောင်းချပြီး သွားပြီးတော့ ဝယ်ပြီးယူလာခဲ့တဲ့ ကျွဲ၊ နွားလေးတွေ၊ နောက်ပြီးတစ်ခါ လိုအပ်တဲ့လူတွေသုံးနိုင်အောင် သူတို့ရဲ့ အပို ငွေလေးနဲ့ အမြတ်ငွေလေးပေါ်မှာ ပီတိဖြစ်ပြီး မောင်းလာခဲ့တဲ့လမ်းအတိုင်း ကျွဲ၊ နွားလေးတွေ အဖမ်း ခံရတာ ကျွဲ၊ နွားဆိုပြီးတော့ ကျွန်တော်တို့ဆီက ဒီအဖမ်းခံရတဲ့လူက ကားနဲ့တင်တာမဟုတ်ပါဘူး။ ကားနဲ့တင်နိုင်တဲ့လူတွေမဟုတ်ပါဘူး။ နေ့နားညမောင်း တောချုံတောကြား ကားလမ်းဘေးမှာ ဟွန်းသံ မကြားဖူးတဲ့ နွားတွေထွက်ပြေးလို့ တစ်ခါတလေ ဝယ်ခဲ့တဲ့ရွာအထိ လိုက်ပြီးဖမ်းရတဲ့ ဘဝမျိုးတွေ ကြုံခဲ့ပါတယ်။ အဲဒီတော့ ကြုံခဲ့တဲ့ဘဝမျိုးမှာ ပါလာတဲ့ဟာ ကျွန်တော်တို့ အခုဖြစ်နေတဲ့ကိစ္စက ပုဒ်မ တပ်လိုက်တာက ကျွန်တော်လည်းနားမလည်ပါဘူး။ မေးကြည့်လိုက်တော့ အရေးတကြီးကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုပုဒ်မ ၅ ဟုဆိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့လည်း နားမလည်ပါဘူး။ ဒါပေမယ့် ပြည်သူ တွေနဲ့ လယ်သမားတွေနစ်နာတဲ့အတွက် ကျွန်တော်တို့ ဒီဟာတွေကို ဘယ်လိုခွင့်ပြုမလဲ။ ခွင့်ပြုပေးဖို့ ပြည်တွင်းမှာဆိုရင် ပြည်ပကိုထွက်မယ့် ခိုးထုတ်မယ့်ပစ္စည်းမဟုတ်ရင် ကျွန်တော်တို့ ပြည်တွင်းမှာ သုံးဖို့ ဥပမာ-ကလေးမြို့ဆိုရင် အိန္ဒိယနိုင်ငံနဲ့ တမူးမြို့နယ်တစ်ခုလုံးခြားနေတာပဲ။ ချင်းပြည်နယ်တစ်ခု

လုံးခြားနေပါသေးတယ်။ ဒီထဲကနေ ကလေးမြို့နှင့် ကလေးဝနယ်စပ်ကလေးမှာဖြစ်နေတဲ့ကိစ္စလေးတွေ ဒါလေးတွေက ကျွန်တော်တို့ ကြုံနေရတဲ့အတွက် ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ လယ်ယာကိရိယာ၊ ကုန်ထုတ်ကိရိယာလေးတွေကို ဟန့်တားခြင်း၊ တားဆီးခြင်းနဲ့ လယ်သမားအကျိုးစီးပွားနစ်နာတဲ့ကိစ္စလေးတွေမဖြစ်အောင် ကျွန်တော်တို့ ဒါညီညီညာညာနဲ့ကာကွယ်နိုင်မယ့် အနေအထားကိုစဉ်းစားဖို့လိုနေပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးခွန်းမေးချင်တာကတော့ ခေတ်အဆက်ဆက်ကရှိခဲ့သော လယ်ယာနဲ့လယ်သမားအကျိုးပြု နွားဈေးဟုခေါ်သော ဒေသတစ်ခုအတွင်း ကျွဲနွားရောင်းသော ဈေးအရောင်းအဝယ်ရောင်းသောဈေးအရောက် သယ်ဆောင်ရာလမ်းခရီးမြို့နယ်များတွင် ဖမ်းဆီးခံရမှုအတွက် လက်မှုလယ်ယာဘဝသာပိုင်ဆိုင်သော လယ်သမားများအကျိုးပြု နွားဈေးရှိသောဒေသသို့ သယ်ဆောင်မှုအား ခွင့်ပြုပေးနိုင်ရန်အစီအစဉ် ရှိ/မရှိ။ မရှိပါက ကျောက်မျက်ရတနာသယံဇာတများသယ်ဆောင်ခွင့်မပြုသော သတ်မှတ်ထားသော မြို့နယ်များကဲ့သို့ သတ်မှတ်၍သာ ဖမ်းဆီး၊ တားဆီးမှုအစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်း မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျွဲ၊ နွား၊ ဆိတ်များတစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရောင်းချနေခြင်းကို တားမြစ်ရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်(ချမ်းမြသာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ကျွန်တော်အနေနဲ့ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွဲ၊ နွား၊ ဆိတ်တို့အား တရားမဝင် ပြည်ပသို့ တင်ပို့ရောင်းချခြင်းကိုတားမြစ်ရန်ဟူသော မေးခွန်းကို ၂၁-၁၀-၂၀၁၃ နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကျွန်တော်မေးမြန်းခဲ့ပါတယ်။ ဒီမေးခွန်းဟာ ပြည်သူအများစုကစိတ်ဝင်တစားရှိနေကြပြီး ဝန်ကြီးဌာနတစ်ခုတည်းနဲ့သက်ဆိုင်တဲ့ ကိစ္စမျိုးမဟုတ်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနဲ့ ညှိနှိုင်းပြီး လွှတ်တော်မှတစ်ဆင့် ပြည်သူများကိုရှင်းလင်းတင်ပြရန်လိုအပ်သည်ဟု ယူဆပါသဖြင့် ဤမေးခွန်းအား ဒုတိယအကြိမ်အဖြစ် ဆက်လက်မေးမြန်းရခြင်းဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ နယ်စပ်အသီးသီးတွင် တစ်ဖက်နိုင်ငံများသို့ တရားဝင်တစ်မျိုး၊ မှောင်ခို၍တစ်ဖုံ နည်းမျိုးစုံဖြင့် ခိုင်းကျွဲများ၊ ခိုင်းနွားများနှင့် ဆိတ်များကို တရားမဝင်ရောင်းဝယ်ဖောက်ကားနေကြပါတယ်။ အိန္ဒိယနိုင်ငံနယ်စပ်၊ ဘင်္ဂလာဒေ့ရှ်နိုင်ငံနယ်စပ်၊ လာအိုနိုင်ငံနယ်စပ်၊ ထိုင်းနိုင်ငံနယ်စပ် ဆက်စပ်လျက် ပင်လယ်ရေကြောင်းလမ်း၊ တောင်ကျော်လမ်း၊ တောင်ကြားလမ်း၊ ကားလမ်းများမှ သယ်ယူ၍ မှောင်ခိုလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိနေကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်း ကျွဲ၊ နွားနှင့် ဆိတ်ဈေးနှုန်းများ တစ်နေ့တခြား မြင့်တက်နေကြောင်းကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကြိုးစားပြောင်းလဲနေသောအချိန်ဖြစ်ပါတယ်။ ရာခိုင်နှုန်းအနည်းငယ်သာ စက်မှုလယ်ယာသို့ ပြောင်းလဲနိုင်ပါသေးတယ်။ ကျန်ရာခိုင်နှုန်းများစွာသော တောင်သူလယ်သမားများဟာ သာမန်နုပျိုသော နွားများ၊ ကျွဲများကိုသာ လယ်ယာလုပ်ငန်းခွင်တွင်အသုံးပြုဆဲဖြစ်ပါတယ်။ သို့သော် ယခုအခါမှာ ခိုင်းကျွဲ၊ ခိုင်းနွားဈေးနှုန်းမှာ အလွန်မြင့်တက်နေပါတယ်။ ဆင်းရဲတဲ့ တောင်သူလယ်သမားများအဖို့ ကျွဲ၊ နွားများဝယ်ယူပြီး လယ်ယာလုပ်ငန်းခွင်တွင် အသုံးမပြုနိုင်ဖြစ်နေကြပါတယ်။ ၎င်းအကြောင်းက တစ်ချိန်မှာ တစ်နိုင်ငံလုံး ဆန်၊ ကောက်ပဲသီးနှံ စသည့်အစားအစာများ လျော့နည်းလာနိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ကျွဲ၊ နွား၊ ဆိတ်များ တစ်ဖက်နိုင်ငံသို့ မှောင်ခိုတင်သွင်းမှုကြောင့် ပြည်တွင်းအသားဈေးနှုန်းများ အလွန်မြင့်မား၍ ပြည်သူများအသားစားသုံးရန်ခက်ခဲလာခြင်း၊ လယ်ယာလုပ်ငန်းခွင်တွင် ထွန်ယက်စိုက်ပျိုးရန် ကျွဲ၊ နွား ရှားပါးလာ၍ လယ်ယာစိုက်ပျိုးရေးထိခိုက်လာနိုင်ပြီး စားနပ်ရိက္ခာများ ရှားပါးလာနိုင်ခြင်း ပြည်ပပို့ကုန် ဆန်၊ ပဲမျိုးစုံ၊ နှမ်းများကို နိုင်ငံခြားဝင်ငွေကျဆင်းနိုင်ခြင်း၊ တိရစ္ဆာန်များမှောင်ခိုမှုကြောင့် ရသင့်သော အကောက်ခွန်များမရ၍ နိုင်ငံတော်အတွက် ရသင့်သောအခွန်ဝင်ငွေများ ဆုံးရှုံးခြင်းစသည့် ဆိုးကျိုးများမှ လွတ်ကင်းရန်၊ တဖက်နိုင်ငံများသို့ ကျွဲ၊ နွား၊ ဆိတ်များ တရားမဝင်တင်ပို့ရောင်းချခြင်းကို တားမြစ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ မည်ကဲ့သို့ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်းနှင့် တစ်ဆက်တည်း ထပ်ဆင့်မေးမြန်းလိုသည်မှာ (၁) တရားမဝင်တင်ပို့ခြင်းမရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်လျက်ရှိပါသလဲ။ (၂) ယနေ့အချိန်ကာလအထိ တရားမဝင်တင်ပို့ခြင်းကို မည်မျှဖမ်းဆီးနိုင်ခဲ့ပြီး မည်ကဲ့သို့အရေးယူမှု ပြုလုပ်နိုင်ခဲ့ပါသလဲ။ (၃) အကယ်၍တရားဝင်တင်ပို့မည်ဆိုပါက နိုင်ငံ

ခြားဝင်ငွေရရှိရေးအတွက် တရားဝင်တင်ပို့ခြင်းလုပ်ငန်းကို အမှန်တကယ်လွယ်ကူချောမွေ့နိုင်စေရန် မည်ကဲ့သို့စီမံ ဆောင်ရွက်ထားပါသလဲ။ (၄) တရားမဝင်တင်ပို့ရောင်းချခြင်းများ လျော့နည်းပြီး တရားဝင်တင်ပို့ရောင်းချနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်နေကြောင်းကို ပြည်သူများသိရှိနိုင်ပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကတစ်ပေါင်းတစ်စည်းတည်းဖြေဆိုဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အဓိကအားထားတဲ့နိုင်ငံဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းနေတဲ့ နိုင်ငံဖြစ်ပေမယ့်လည်း လက်ရှိမှာ ကျွဲ၊ နွားများကို အဓိကထားပြီး အသုံးပြုဆောင်ရွက်နေရဆဲဖြစ်တဲ့အတွက်ကြောင့် ကျွဲ၊ နွားများကို တစ်ဖက်နိုင်ငံသို့ တရားမဝင် တင်ပို့ရောင်းချမှုမရှိစေရေးအတွက်ကို အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ဒေသခံတောင်သူများရဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်မှာ အသုံးပြုဖို့ ကျွဲ၊ နွားများ ဝယ်ယူရန်အတွက်လည်းကောင်း၊ လုပ်ငန်းခွင်မှာအသုံးပြုလို့မရတဲ့ ကျွဲ၊ နွားများနှင့် လုပ်ငန်းခွင်မှာ ပိုလျှံတဲ့ ကျွဲ၊ နွားများကို ရောင်းချရန်အတွက်လည်းကောင်း မြို့နယ်များမှာ နွားပွဲဈေးများဖွင့်လှစ်ဆောင်ရွက်ခဲ့ရာမှာ ကျွဲ၊ နွားဝယ်ယူရောင်းချရာတွင် မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စုတစ်ခုမှ တစ်ခုသို့သယ်ဆောင်ရာမှာ တောင်သူအမည်၊ မှတ်ပုံတင်၊ နိုင်ငံသားအမှတ်၊ ရပ်ကွက်ကျေးရွာအုပ်စု၊ စိုက်ပျိုးမြေတို့ကိုဖော်ပြပြီးတော့ လယ်ယာလုပ်ငန်းခွင်တွင် အမှန်တကယ်အသုံးပြုရန်ဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်၊ မိမိဝယ်ယူသည့်ဒေသရှိ

သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရဲ့ ကျွဲ၊ နွား ဝယ်ယူကြောင်းထောက်ခံချက် သို့မဟုတ် နွားပွဲဈေးမှ ဝယ်ယူခြင်းဖြစ်ပါက ဝယ်ယူသည့်အထောက်အထား သက်ဆိုင်ရာမြို့နယ်စီမံ ခန့်ခွဲမှုကော်မတီရဲ့ ကျွဲ၊ နွားများ သယ်ယူခွင့်အမိန့်စတဲ့ အထောက်အထားများနဲ့ပြည့်စုံမှုရှိတယ်ဆိုရင် ကျွန်တော်တို့လွတ်လပ်စွာ သယ်ယူခွင့်ပြုထားပြီးဖြစ်ပါတယ်။ အဆိုပါ ကျွဲ၊ နွားများကို တိုင်းဒေသကြီး/ ပြည်နယ်အတွင်းမှာရှိတဲ့ ခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းသယ်ဆောင်ရာမှာ အထက်ပါအချက်များအပြင် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကထုတ်ပေးတဲ့ ခိုင်းကျွဲ၊ နွားများရဲ့ ကျန်းမာကြောင်းထောက်ခံချက် လယ်ယာလုပ်ငန်းခွင်မှာ အမှန်တကယ်အသုံးပြု ရန်အတွက် သယ်ဆောင်လိုခြင်းဖြစ်ကြောင်း သက်ဆိုင်ရာခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီရဲ့ထောက် ခံချက်များပါရှိရမည်ဖြစ်ပြီးတော့ ခရိုင်အတွင်း မြို့နယ်ဖြတ်ကျော်သယ်ဆောင်ခြင်း၊ မြို့နယ်အတွင်း သယ်ဆောင်ခြင်းတို့ကို သတ်မှတ်ချက်နှင့်ညီညွတ်မှုရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက်ကို မြို့နယ် အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြေစာရင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးများပါဝင်တဲ့ စစ်ဆေးရေးအဖွဲ့များနဲ့ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွဲ၊ နွားပွဲ ဈေးများမှာ သတ်မှတ်စည်းကမ်းများနှင့်အညီ အရောင်းအဝယ်ဖြစ်သွားတဲ့ ကျွဲ၊ နွားတို့နှင့်ပတ်သက်လို့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှ ထုတ်ပြန်ထားရှိတဲ့ ကျွဲ၊ နွားပွဲဈေးဆိုင်ရာ စည်းကမ်းချက်များအတိုင်း အရောင်းအဝယ်လက်မှတ်များကို ဈေးတာဝန်ခံက စနစ်တကျမှတ်တမ်း တင်ပြုစုပြီးတော့ လက်မှတ်ရေးထိုးပေးခြင်း၊ အဲဒီ ကျွဲ၊ နွားများကို သက်ဆိုင်ရာ မြို့နယ်စည်ပင် သာယာရေးနယ်နိမိတ်အတွင်းမှာသာ သယ်ဆောင်ခွင့်ပြုခြင်း၊ မြို့နယ်ကျော်၊ ခရိုင်ကျော်သယ်ဆောင် မှုများကို သက်ဆိုင်ရာ မြို့နယ်နဲ့ ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ စနစ်တကျစိစစ်ပြီးတော့ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသ ကြီး/ပြည်နယ်မှ အခြားဒေသကို အထူးကိစ္စရပ်အလို့ငှာ သယ်ဆောင်ရာမှာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ သယ်ယူမယ့် နွားအကောင်ရေ၊ ဝယ်ယူခဲ့တဲ့နေရာအထောက်အထား၊ သယ်ယူလိုတဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်နှင့်ကျေးရွာ၊ သယ်ယူမယ့်ယာဉ်အမှတ်၊ သယ်ယူလိုတဲ့ကာလတို့ကို ဖော်ပြရမှာဖြစ်ပါတယ်။ အဲဒီနောက် သယ်ဆောင်မယ့်ဒေသမှာရှိတဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ထောက်ခံညှိနှိုင်းချက်နဲ့ သယ်ယူခွင့်ပြုမိန့်လျှောက်ထားပြီး ခွင့်ပြုမိန့်ရရှိမှသာ ခွင့်ပြုကာလအတွင်း သယ်ဆောင်ရမှာပဲဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိတဲ့

ငြိမ်းချမ်းရေးအဖွဲ့အစည်းများက ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကျွဲ၊ နွားများကို တိုင်းဒေသကြီး/ပြည်နယ် ဖြတ်ကျော်ဝယ်ယူခွင့်ဝယ်ယူသယ်ဆောင်မယ်ဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ထောက်ခံစာပါရှိရမှာဖြစ်ပါတယ်။ အဲဒီထောက်ခံစာအပေါ်မှာ တစ်ကြိမ်တည်းခွင့်ပြုသည်လို့ မှတ်ချက်ပါရှိမှာဖြစ်ပြီး ထပ်မံလိုအပ်ပါက နောက်တစ်ကြိမ် ခွင့်ပြုချက်တောင်းခံ၍ ထောက်ခံချက်ထုတ်ယူရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ငြိမ်းချမ်းရေးအဖွဲ့အစည်းက မြေပြင်မှာ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အမှန်တကယ် ဆောင်ရွက်ခြင်းရှိ/မရှိကိုတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ကွင်းဆင်းစစ်ဆေးရမှာပဲဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ကျွဲ၊ နွားဝယ်ယူသယ်ဆောင်ခွင့်လျှောက်ထားမှုကို အဆိုပါထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လိပ်မူ တင်ပြပြီး ဝယ်ယူလိုတဲ့ဒေသမှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို မိတ္တူပေးတင်ပြဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွဲ၊ နွားပွဲဈေးဆိုင်ရာစည်းကမ်းအရ ကျွဲ၊ နွားပွဲဈေးတည်ရှိရာနေရာကို ကျွဲ၊ နွားများ သယ်ယူပို့ဆောင်ရာမှာ တိုင်းဒေသကြီး/ပြည်နယ်အလိုက်သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သယ်ဆောင်ရမှာဖြစ်ပြီး ခွင့်ပြုချက်မပါရှိဘဲသယ်ဆောင်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခံရမှာဖြစ်ပါတယ်။ တောင်သူတစ်ဦးက ခိုင်းကျွဲ၊ နွားနှစ်ကောင်နှင့်အထက် ပိုမို သယ်ဆောင်ခြင်း၊ ကြိမ်ဖန်များစွာ သယ်ဆောင်ခြင်း၊ လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုရန်မှအပ အခြားကိစ္စရပ်များအတွက် သယ်ဆောင်ခြင်းစသည်များကို လုံးဝခွင့်မပြုကြောင်းနှင့် ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ၂၀၁၂ ခုနှစ် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ် အထိ ကျခံစေရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ကိုလည်းပေးဆောင်စေရန် ချမှတ်ခြင်း ခံရမှာဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါ ဥပဒေပုဒ်မ ၆ အရ ပြစ်မှုနှင့်သက်ဆိုင်တဲ့ သက်သေခံပစ္စည်း ကျွဲ၊ နွားများကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ပြည်နယ်များမှာ ကျွဲ၊ နွားပွဲဈေးတည်ရှိရာဒေသသို့ ကျွဲ၊ နွားများ ရောင်းချရန်အတွက် သယ်ဆောင်ရာမှာလည်းကောင်း၊ ကျွဲ ၊ နွားပွဲဈေးတည်ရှိရာဒေသမှ ဝယ်ယူခဲ့တဲ့ ကျွဲ၊ နွားများကို မိမိဒေသသို့ သယ်ဆောင်ရာမှာလည်းကောင်းသတ်မှတ်ထားတဲ့ အထောက်အထားများ နှင့်အညီ ပြည့်စုံမှု၊ မှန်ကန်မှုရှိပါက လွတ်လပ်စွာသယ်ဆောင်ခွင့်ပေးလျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

မူကြမ်း

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့စပ်လျဉ်း၍လည်း ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှလည်း ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ယခုဆက်လက်မေးတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်ကဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွဲ၊ နွား၊ ဆိတ်များ တရားမဝင် တင်ပို့ခြင်းမရှိအောင် စီမံဆောင်ရွက်ထားပါသလဲဟူသည့် မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်လို့ ခိုင်းနွား၊ ခိုင်းကျွဲများမှာ မရှိမဖြစ်လိုအပ်ခြင်းနှင့် ပြည်တွင်းအသားဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်စွဲပါစာအမှတ် ၁၀/၉၉ ဖြင့်လည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် ၃၀/၀၈ ဆုံးဖြတ်ချက်အရလည်းကောင်း ဆင်စွယ်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းနဲ့ ရှားပါးတိရစ္ဆာန်များကို ခွင့်ပြုချက်မပြုဘဲ ပြည်ပသို့ တင်ပို့ခြင်းကိုကန့်သတ်ထားရှိရာ ယနေ့တိုင်ပဲဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ ကျွဲ၊ နွားနှင့် ဆိတ်များကို သယ်ယူပို့ဆောင်ခြင်းများကို တောင်ယာ/လယ်ယာလုပ်ငန်းခွင်များမှာ အသုံးပြုကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်များနှင့်အတူ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများက ခွင့်ပြုချက်ထုတ်ပေးပြီး သယ်ယူပို့ဆောင်ခြင်းကို ခွင့်ပြုပေးလျက်ရှိပါတယ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းမှာ စည်ပင်သာယာရေးအဖွဲ့ များဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဇ) အရ မြို့နယ်များမှာ ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ တိရစ္ဆာန်ပွဲဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်များမှာရှိတဲ့ စည်ပင်သာယာရေးအဖွဲ့ပိုင် ကျွဲ၊ နွားပွဲဈေးများမှာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နယ်မြေရဲစခန်း၊ ရဲကင်းများ၏ ပိုင်ဆိုင်မှုမှန်ကန်ကြောင်း ထောက်ခံချက်ပါရှိတင်ပြမှသာ လာရောက်ရောင်း ချခွင့်ပြုပြီး အထောက်အထား ခိုင်လုံမှုမရှိပါက တာဝန်ကျရဲတပ်ဖွဲ့ထံ သတင်းပေးပို့ စိစစ်ဖော်ထုတ် အရေးယူလျက်ရှိပါတယ်။ ကျွဲ၊ နွားပွဲဈေးများမှာ သတ်မှတ်စည်းကမ်းချက်နဲ့အညီ အရောင်းအဝယ်ဖြစ်သွားတဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ ထုတ်ပြန်

ထားရှိတဲ့ ကြွဲ၊ နွားပွဲဈေးဆိုင်ရာ စည်းကမ်းချက်များအတိုင်း ကြွဲ၊ နွားပွဲဈေးပွဲ အရောင်းအဝယ် လက်မှတ်ကို ဈေးတာဝန်ခံက စနစ်တကျမှတ်တမ်းတင်ပြီး လက်မှတ်ရေးထိုးထုတ်ပေးခြင်း၊ အရောင်း အဝယ်ဖြစ်တဲ့ ကြွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်စသည်တို့ကိုမှတ်ပုံတင်ထားရှိခြင်း၊ အဆိုပါ ကြွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်စသည်တို့ကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌သာ သယ်ဆောင် ခွင့်ပြုခြင်း၊ မြို့နယ်ကျော်၊ ခရိုင်ကျော်သယ်ဆောင်မှုများကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှ စနစ်တကျစိစစ်ခွင့်ပြုလျက်ရှိပြီး သတ်မှတ်ပုံစံနှင့် ကိုက်ညီ ခြင်းမရှိပါက အရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံခြားဝင်ငွေရရှိရေး အတွက်ကို တရားဝင်တင်ပို့ရာမှာ အမှန်တကယ်လွယ်ကူချောမွေ့စေရေးအတွက်ကို တိုင်းဒေသကြီး/ ပြည်နယ်များက ရေ၊ မြေ၊ ရာသီဥတုနဲ့ ညီညွတ်တဲ့ဒေသမှာ သိုး၊ ဆိတ်များကို စီးပွားဖြစ်မွေးမြူ လျက်ရှိရာမှာ စားသုံးမှု၊ ဖူလုံမှုရှိပါက နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ပြည်ပပို့ကုန်အဖြစ် တင်ပို့ ရောင်းချနိုင်ပြီး ဒီလိုရောင်းချနိုင်ရေးအတွက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြွဲ၊ နွား အရှင်များကို ပြည်ပသို့တင်ပို့ခွင့်မပြုပါ။ သိုး၊ ဆိတ်အရှင်များကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေး လက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် နယ်စပ်မှတင်ပို့ခွင့်မပြုဘဲ ပင်လယ်ရေ ကြောင်းစနစ်ဖြင့်သာ တင်ပို့ခွင့်ပြုပါတယ်။ ဝက်အရှင်ကို အိန္ဒိယသို့ နယ်စပ်မှတစ်ဆင့် တင်ပို့ခွင့်ပြု ကြောင်းသိရှိရပါတယ်။ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ ရောင်းချလိုသူ များက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပို့ခွင့်လျှောက်ထားရမှာဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုတဲ့ ကြွဲ၊ နွား၊ သိုး၊ ဆိတ်များကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးပြီး ကျန်းမာကြောင်းထောက်ခံချက်နဲ့ တစ်ဖက်နိုင်ငံကုမ္ပဏီရဲ့ အရောင်းအဝယ်ပြုလုပ် ချုပ်ဆိုတဲ့စာချုပ်မိတ္တူတို့ကို တင်ပြရန်လိုအပ်ပါတယ်။ ၂၀၁၂ ခုနှစ် ဇွန်လ အတွင်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိရစ္ဆာန်များနှင့်သစ်ပင်ပန်းမန်များ အဝင်အထွက်နှင့် ပိုးမွှား ကင်းစင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်အရ ကြက်ငှက်တုပ်ကွေးရောဂါ၊ ခွာနာလျှာနာရောဂါအပါအဝင် ကူးစက်တတ်သောရောဂါများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေတဲ့နိုင်ငံများမှ အသားထွက်ကုန်ပစ္စည်း များ နိုင်ငံအတွင်းသို့ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ထားပါတယ်။ မြန်မာနိုင်ငံမှာ အထက်ပါရောဂါ များဖြစ်ပွားနေတဲ့အတွက် မြန်မာနိုင်ငံမှ ကြက်ငှက်များနှင့်တိရစ္ဆာန်များရဲ့ အသားထွက်ပစ္စည်းများကို တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းခြင်းကို ပိတ်ပင်ထားကြောင်း ပေကျင်းမှာရှိတဲ့ မြန်မာသံရုံးကို

အကြောင်းကြားစာပေးပို့ချက်အရ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အေးခဲအမဲသားတင်ပို့ခြင်းကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်မှ စတင်ပြီး ပိတ်ပင်ထားမြစ်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတရုံးမှလည်း အေးခဲအမဲသားများ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့မှုသည် မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုနဲ့ စားသုံးမှုဖူလုံရေးကို ထိခိုက်စေနိုင်တဲ့အတွက် မြန်မာနိုင်ငံအတွင်း၊ မိမိနိုင်ငံအတွင်း ကျွဲ၊ နွားများ ဖူလုံစွာ မွေးမြူနိုင်ပြီးမှသာ တရားဝင်တင်ပို့မှုကို စိစစ်ခွင့်ပြုရန်နှင့် ထိထိရောက်ရောက် တားမြစ်ဆောင်ရွက်ရန် လမ်းညွှန်ထားရှိပြီးဖြစ်ပါတယ်။

အဲဒီလို ပိတ်ပင်တားမြစ်ပြီးကာလနောက်ပိုင်းမှာ အေးခဲအမဲသားအပါအဝင် တရားမဝင်ကုန်ပစ္စည်းများ၊ ကျွဲ၊ နွား မှောင်ခိုသယ်ဆောင်မှုများမရှိစေရေးအတွက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်များဖြင့် တာဝန်ရှိအဖွဲ့အစည်းများပါဝင်တဲ့ Mobile Team များဖွဲ့စည်းပြီး တရားမဝင်ကုန်ပစ္စည်းများ စစ်ဆေးတားဆီးထိန်းချုပ်ခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ Mobile Team များထုတ်နုတ်အင်အားဖြင့် စခန်းပတ်ဝန်းကျင် လက်လှမ်းမီသောနေရာများမှ တရားမဝင်ကုန်သွယ်မှုများကို တားဆီးဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအခြေအနေမှာ စီးပွားဖြစ် မွေးမြူ/ထုတ်လုပ်/တင်ပို့လိုတဲ့ အချို့လုပ်ငန်းရှင်များက အေးခဲအမဲသားဈေးကွက်ပြန်လည်ရရှိရေးနဲ့ တရားဝင်တင်ပို့ခွင့်ပြုနိုင်ရေးအတွက်ကို တင်ပြလာမှုများအရ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ မိမိနိုင်ငံအတွက် အေးခဲအမဲသားများကို Transit Trade စနစ်ဖြင့် တင်ပို့မည့် အေးခဲအမဲသားများကို တရုတ်ဈေးကွက်သို့ ပြန်လည်တင်ပို့ခွင့်ရရှိရေးအတွက်ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့မှာ တရုတ်နိုင်ငံ ပေကျင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသံမှူးကြီးနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှုအုပ်ချုပ်မှုဌာန အာဏာပိုင်အဖွဲ့တို့ရဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆွေးနွေးညှိနှိုင်းချက်အရ တရုတ်နိုင်ငံသို့ အသားထွက်ကုန်များ တင်ပို့ခြင်းအတွက်ကို မြန်မာနိုင်ငံတွင် ကြက်ငှက်တုတ်ကွေးရောဂါနှင့် ခွာနာ၊ လျှာနာ ရောဂါများ ဆက်လက်ဖြစ်ပွားမှုမရှိစေရေးအတွက်ကို တင်းကြပ်စွာ ထိန်းသိမ်းဆောင်ရွက်သွားရန်၊ ထို့နောက် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့ကြီးမှ အသိအမှတ်ပြုလက်မှတ်ရရှိရန်နှင့် ထိုအဖွဲ့ကြီးမှလည်း မြန်မာနိုင်ငံ

သည်ဖော်ပြပါရောဂါများကင်းရှင်းကြောင်းကို အင်တာနက် Website တွင်ထည့်သွင်းဖော်ပြရ မည်ဖြစ်ပါတယ်။ ဒီအဖွဲ့ကြီး၏ အသိအမှတ်ပြုလက်မှတ်ရရှိပါက မြန်မာနိုင်ငံမှ အသားထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပိတ်ပင်ထားမှုကို ပယ်ဖျက်ပေးရန် တရုတ်နိုင်ငံဖက်သို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ထိုသို့လျှောက်ထားလာပါက တရုတ်နိုင်ငံသည် လက်ခံစဉ်းစားပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံရှိ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးကာ နှစ်ဖက်သဘော တူညီချက်တစ်ရပ်ချုပ်ဆိုပြီးပါက တရုတ်နိုင်ငံက မြန်မာနိုင်ငံမှ အသားထွက်ကုန်ပစ္စည်းများ တင်သွင်းခွင့်ရပ်ဆိုင်းခြင်းကို ပယ်ဖျက်ပေးသွားနိုင်ကြောင်း၊ တတိယနိုင်ငံတစ်ခုမှ အသားထွက်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့ Transit Trade စနစ်ဖြင့် တင်သွင်းသည့်ကိစ္စရပ်များမှလည်း အထက်တွင်ဖော်ပြထားခဲ့သည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းသိရှိရပါတယ်။

ပြည်တွင်းကမွေးမြူ ထုတ်လုပ်၊ ပိုလျှံတဲ့အခြေအနေကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများက စိစစ်ချက်၊ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီက အသားထုတ်လုပ်မှုလိုင်စင် စိစစ်ထောက်ခံမှုပေါ်မူတည်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မွေးမြူထုတ်လုပ်တင်ပို့လိုတဲ့ လုပ်ငန်းရှင်များကို အေးခဲအမဲသားအပါအဝင် တိရစ္ဆာန်ထွက်ပစ္စည်းများ တရုတ်ဈေးကွက်သို့ တရားဝင်တင်ပို့နိုင်ရေးအတွက် ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း သိရှိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကျွဲ၊ နွား၊ ဆိတ်တို့ကို သယ်ယူတင်ပို့ခွင့်နှင့်ပတ်သက်၍ အထက်မှာတင်ပြခဲ့တဲ့အတိုင်း ပြည်တွင်းလိုအပ်ချက်အရ လက်ရှိ ကျွဲ၊ နွားအရှင်ကိုတင်ပို့ခွင့်ကိုကန့်သတ်ထားဆဲဖြစ်ပါတယ်။ Value Added ဖြစ်တဲ့ အေးခဲအမဲသားနှင့် အခြားတိရစ္ဆာန် ထွက်ပစ္စည်းများ တရုတ်နိုင်ငံဈေးကွက်ကို တင်ပို့လိုတဲ့ လုပ်ငန်းရှင်များအတွက်ကို ပြည်တွင်းထုတ်လုပ်မှု၊ ပိုလျှံမှု မှန်ကန်ကြောင်းစိစစ်ထောက်ခံချက်ပါရှိပါက တရားဝင်တင်ပို့နိုင်ရေးအတွက်ကို အထက်ပါအတိုင်း ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နေပါကြောင်းနှင့် ကန့်သတ်ထားတဲ့ ကျွဲ၊ နွား၊ ဆင်၊ မြင်းနှင့် ရှားပါးတိရစ္ဆာန်များမှအပ ဆိတ်အရှင်၊ အခြားတိရစ္ဆာန်ထွက်ပစ္စည်းများကို ထိုင်း၊ မလေးရှားစတဲ့ အခြားနိုင်ငံဈေးကွက်များသို့ တင်ပို့လိုတဲ့လုပ်ငန်းရှင်များအနေဖြင့်လည်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ထောက်ခံ

ချက်ဖြင့် တင်ပို့ခွင့်လိုင်စင်များခွင့်ပြုပေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဦးစိုးသိမ်း(ကလေးဝမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖြည့်စွက်မေးခွန်းလေးထပ်ဆင့် မေးခွင့်ပြုပါ။ ကျွန်တော်တင်ပြတဲ့ကိစ္စက လယ်ယာလုပ်ငန်းတွင် လယ်သမားတွေအတွက် အဲဒီတော့ ကျွန်တော်တို့ အခုဒုတိယဝန်ကြီး တင်ပြသွားတာ အင်မတန်မှပြည့်စုံပါတယ်။ သို့သော်လည်း ကျွန်တော်တို့ရဲ့ လယ်သမားတွေဟာ ဒီလောက်ကြီးပေါက်ပေါက်ရောက်ရောက်မသွားတတ်ကြပါဘူး။ မသွားတတ်ကြတော့ ကျွန်တော်တို့ဟာ ဝယ်မယ့်မြို့နယ်ကသွားမယ်လူက မြို့နယ်ရဲ့ထောက်ခံချက်၊ ရောင်းတဲ့ မြို့နယ်က ထောက်ခံချက်နှစ်ခုလောက်နဲ့ဆိုရင် သူတို့ဆက်သွယ်လို့သွားလို့ရပါတယ်။ တိုင်း၊ ခရိုင်အထိသွားရမယ်ဆိုရင် ဒီစရိတ်တွေဟာ ကျွန်တော်တို့ ကုန်ကျစရိတ်များမှာပါ။ ဥပမာတစ်ခုပြောရင် ကျွန်တော်တို့ ကလေးခရိုင်ဆိုရင် ကလေးဝရယ်၊ ကလေးရယ်၊ မင်းကင်းရယ်၊ မော်လိုက်ကလည်း လာရောင်း မော်လိုက်ကလည်းသွားမယ်။ မော်လိုက်သွားဝယ်မယ်။ အခု ကျွန်တော်တို့အနေနဲ့ ကနီလည်းသွားဝယ်တဲ့သူတွေအများကြီး ရှိပါတယ်။ တန့်ဆည်အထိဝယ်ပါတယ်။ နွားပေါက်လှတဲ့အတွက် စပ်နွားတွေကို ကျွန်တော်တို့ တန့်ဆည်အထိ ခဲခဲရင်းရင်းနဲ့ ပင်ပင်ပန်းပန်းသွားဝယ်ပါတယ်။ အဲဒီတော့ ခရိုင်၊ တိုင်းတွေဆိုတဲ့အဆင့်ကို ကျွန်တော်တို့က ဒါလေးကို ဘယ်လိုများညှိနှိုင်းပြီး ဘယ်လိုပေးနိုင်မလဲ။ သူတို့လယ်သမားတွေအနေနဲ့ ဒီလိုသွားတတ်လာတတ်တဲ့အဆင့်မရှိတဲ့အတွက် ပြန်လည်စဉ်းစားပေးဖို့ ကျွန်တော်ထပ်ဆင့်တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ပဲ အခုတင်ပြချက်ပေါ်မူတည်ပြီးတော့ ကျွန်တော်စဉ်းစားမိတာလေးကို လွှတ်တော်ကိုပြန်တင်ပြပါမယ်။ ဒီကိစ္စဟာ ဦးစိုးသိမ်းတင်ပြသလို တကယ့်ရိုးသားတဲ့ တောင်သူလယ်သမားတွေအတွက် များစွာထိခိုက်နိုင်တဲ့ကိစ္စဖြစ်ကြောင်းလည်း အခြားသတင်းများနဲ့ လက်တွေ့အတွေ့အကြုံအရ ဒီလိုပဲ ကျွန်တော်တို့မြင်နေရပါတယ်။ ဒါကြောင့်မို့လို့ ထုတ်ပြန်ထားတဲ့ အရေးကြီးကုန်ပစ္စည်းကန့်သတ်တဲ့ဥပဒေ ဒီပေါ်မှာမူတည်ပြီးတော့ နည်းဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းတွေကို ပြည်သူ့လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရယ်၊ နောက် စီမံခန့်ခွဲရေးနှင့်သက်ဆိုင်တဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရယ်၊ ဒီကော်မတီသည် ခုနက ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာရှိကြတဲ့

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲအပါအဝင် ကျန်တဲ့ဌာနနဲ့ဆက်စပ်တဲ့ကိစ္စရယ် လိုမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီရယ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးပူးပေါင်းကော်မတီမှ ခုနကပြောတဲ့ တိရစ္ဆာန်ဆေးကု တိရစ္ဆာန်များနှင့်ပတ်သက်လို့ ခုနက ကြားလိုက်ပါတယ်။ သယ်ယူပို့ဆောင်တဲ့နေရာမှာ သူတို့ရဲ့ ဒီလက်မှတ်တွေ၊ ထောက်ခံချက်တွေ လိုတယ်ပြောပါတယ်။ ဒါကြောင့်မို့လို့ ဒါလေ့လာသုံးသပ်ပြီးတဲ့အခါမှာ တကယ်ရိုးသားပြီးတော့ ဆင်းလည်းဆင်းရဲတဲ့ တောင်သူလယ်သမားများကို မထိခိုက်နိုင်ရေးအတွက် ဥပဒေကိုသော်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းကိုသော်လည်းကောင်း၊ နည်းဥပဒေကိုသော်လည်းကောင်း ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်ရမယ့်ကိစ္စတစ်ခုဖြစ်တယ်လို့ ကျွန်တော်ဒီလိုပဲသုံးသပ်မိပါတယ်။ ဒါကြောင့် ဒီသုံးသပ်မှုနှင့်အတူ ကျွန်တော်တို့လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နဲ့ ကျွန်တော်တင်ပြဆွေးနွေးခဲ့တဲ့ ကော်မတီအသီးသီးအပြင် ဒီကိစ္စများနှင့်ပတ်သက်ပြီးတော့ စိတ်ဝင်စားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနဲ့ ညှိနှိုင်းပြီးဆောင်ရွက်မယ်ဆိုရင် ထိုက်သင့်တဲ့ အဆင်ပြေမှုဖြစ်သွားနိုင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဥပဒေက ဘယ်လောက်ပဲကောင်းကောင်း၊ ဘယ်လောက်ပဲဆိုးဆိုး ဥပဒေကိုကိုင်တွယ်ကျင့်သုံးတဲ့လူများရဲ့အပိုင်းကလည်း အရေးကြီးတဲ့အတွက် ဒီအပိုင်းမှာထည့်သွင်းစဉ်းစားဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော်ရဲ့တင်ပြချက်ကို သက်ဆိုင်ရာကော်မရှင်နှင့် ကော်မတီများ၊ ပုဂ္ဂိုလ်များက ဝိုင်းဝန်းဆွေးနွေးပြီး ရိုးသားတဲ့တောင်သူလယ်သမားများ၊ ဆင်းရဲတဲ့တောင်သူလယ်သမားများအတွက် အကာအကွယ်ပေးနိုင်ဖို့ ဆောင်ရွက်ပါလို့ ကျွန်တော်လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာကော်မရှင်၊ ကော်မတီများကိုတင်ပြပါတယ်။

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် သိမ်းဆည်းခဲ့သည့် လိုင်စင်ဖြင့်ကိုင်ဆောင်ခဲ့သော သေနတ်များအား မူလပိုင်ရှင် သို့မဟုတ် အမွေဆက်ခံခွင့်ရှိသူအား ပြန်လည်ပေးအပ်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသိန်းထွန်းဦး အမရပူရမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး

ခင်ဗျား။ ၂၁-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ လိုင်စင်ဖြင့် ကိုင်ဆောင်ခဲ့သော သေနတ်များ၊ သိမ်းဆည်းခဲ့သည့်ကိစ္စနဲ့ပတ်သက်ပြီး မေးခွန်းအားသိရှိလိုကြောင်း မေးမြန်းတင်ပြခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ပြန်လည်ဖြေကြားမှုအပေါ်မှာ ကျွန်တော်မှ အဖြေကိုပိုမိုရှင်းလင်းစေရန် တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လက်နက်သိမ်းဆည်းမှုနှင့်ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့က ဆောင်ရွက်ခဲ့တဲ့အတွက် ထိုစဉ်က သိမ်းဆည်းထားတဲ့ စာရွက်စာတမ်းအထောက်အထားတွေ ပြန်လည်ရှာဖွေပြီး ပြန်လည်ဖြေကြားမည်ဖြစ်ကြောင်း ပြန်လည်ပြီးတော့ ဖြေကြားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် အမရပူရမြို့နယ်အတွင်းရှိ လိုင်စင်ဖြင့်ကိုင်ဆောင်ခဲ့သော သေနတ် ၂၀ လက်ခန့်နှင့် နိုင်ငံအဝှမ်းလိုင်စင်ဖြင့် ကိုင်ဆောင်ခဲ့သော သေနတ်များအား သိမ်းဆည်းခဲ့ရာတွင် ၁၉၇၇ ခုနှစ်၊ လက်နက်ကိုင်ဆောင်ရေးမူ အပိုဒ် ၂၉ နှင့် နောက်ဆက်တွဲ (တ-၁) တို့နှင့်အညီ အပ်နှံသိမ်းဆည်းခဲ့ခြင်းရှိ/မရှိ၊ ဟုတ်/မဟုတ် သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၂၁ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးမှာ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။ တစ်ဆက်တစ်စပ်တည်း မေးတဲ့မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝှမ်းမှာ လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ ကိုင်ဆောင်သော လက်နက်များ အပ်နှံသိမ်းဆည်းခြင်းနှင့် စပ်လျဉ်းပြီးတော့ ၁၉၇၇ ခုနှစ် လက်နက်ကိုင်ဆောင်ရေးမူ

အခန်း (၁၂)၊ အပိုဒ် ၂၉ မှာ ဒေသဆိုင်ရာလုံခြုံရေး အခြေအနေအရ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသည် လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ သေနတ်ကိုင်ဆောင်ခွင့်ရရှိထားသူ မည်သူကို မဆို ယင်းကိုင်ဆောင်လျက်ရှိသည့် လက်နက်နှင့်ခဲယမ်းမီးကျောက်များကို သက်ဆိုင်ရာပြည်သူ့ရဲ တပ်ဖွဲ့သို့ အပ်နှံစေ၍ သိမ်းဆည်းနိုင်ပါသည်ဟု ဖော်ပြထားရှိပါတယ်။ သို့ဖြစ်တဲ့အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်မှာ နိုင်ငံတော်တစ်ဝှမ်း လုံခြုံရေးနှင့်တည်ငြိမ် အေးချမ်းရေးကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် ရက်စွဲပါစာအမှတ်ဖြင့် တိုင်းနှင့်ပြည်နယ်များအတွင်းမှာ လိုင်စင်ဖြင့်ကိုင်ဆောင်တဲ့ လက်နက်ခဲယမ်းများကို ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ မတိုင်မီ အပြီးပြန်လည်သိမ်းဆည်းရန် ညွှန်ကြားချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လက်နက်ခဲယမ်းများ ကို သိမ်းဆည်းခဲ့ခြင်း ဖြစ်ပါတယ်။

ဒီလိုသိမ်းဆည်းရာမှာ သေနတ်ကိုင်ဆောင်ခွင့် လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့သို့ လက်နက် ခဲယမ်းများ ပြန်လည်အပ်နှံတဲ့အခါမှာ လက်ခံနိုင်ရန်အတွက်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး တစ်ဦးဦးစီးပြီးတော့ ကိုယ်စားလှယ် သုံးဦးဖြင့် လိုင်စင်/ပါမစ်လက်နက်ခဲယမ်း ကိုင်ဆောင်ထားသူများ ရဲ့ အမွေဆက်ခံခွင့်ရှိသူများထံမှာ စနစ်တကျ အပ်နှံသိမ်းဆည်းခြင်းများ၊ လက်ခံခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များကို လာရောက်အပ်နှံတဲ့ လိုင်စင်/ပါမစ်လက်နက်ခဲယမ်းများကို လက်ခံသိမ်းဆည်းတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့ များက စနစ်တကျ စာရင်းဇယားဖြင့် လက်ခံသိမ်းဆည်းရရှိတဲ့ လက်နက်ခဲယမ်းများကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)သို့ စာရင်းဇယားဖြင့် စဉ်ဆက်မပြတ် ပေးပို့တင်ပြခဲ့ပြီး ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှာ အဆိုပါ လက်နက်ခဲယမ်းများကို သက်ဆိုင်ရာစစ်လက်နက် ပစ္စည်းတပ်များကို အပြီးအပိုင်လွှဲပြောင်းအပ်နှံခဲ့ပြီးလည်း ဖြစ်ပါတယ်။

၁၉၇၇ ခုနှစ် လက်နက်ကိုင်ဆောင်ရေးမှုနောက်ဆက်တွဲ(တ-၁)က ကျွန်တော်တို့ လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ရရှိသူ သေဆုံးသွားတဲ့အတွက် ၎င်းကိုင်ဆောင်ခွင့်ရရှိတဲ့လက်နက်ကို ကျန်ရစ်သူ ခင်ပွန်း/ဇနီးတို့က ဆက်လက်ကိုင်ဆောင်လိုတဲ့ ဆန္ဒမရှိတဲ့အတွက် နိုင်ငံတော်သို့ အပြီးအပိုင်အပ်နှံ ခြင်းဖြစ်ရာ ဒီလိုအပ်နှံရာမှာ လက်နက်ကိုင်ဆောင်သူရဲ့ အမွေဆက်ခံသူများက သဘောတူညီချက်များ ပါ ရှိရမည်ဖြစ်ကြောင်းလည်း မူအရသတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ဒီလို အပ်နှံတဲ့အခါမှာ လက်နက်

ကိုင်ဆောင်သူရဲ့ အမွေဆက်ခံသူများရဲ့ သဘောတူညီချက်နဲ့အတူ လက်နက်ကိုင်ဆောင်ခွင့် လိုင်စင်/ပါမစ် စိစစ်ရေးအဖွဲ့က စနစ်တကျလက်ခံသိမ်းဆည်းရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်မှာ နိုင်ငံတော်တစ်ဝှမ်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ ကိုင်ဆောင်တဲ့လက်နက်များကို သိမ်းဆည်းရာမှာ ၁၉၇၇ ခုနှစ် လက်နက်ကိုင်ဆောင်ရေးမူအပိုဒ် ၂၉ အရ သိမ်းဆည်းခြင်းသာဖြစ်ပြီး နောက်ဆက်တွဲ(တ-၁) အရ သိမ်းဆည်းခြင်းမဟုတ်ပါကြောင်း ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တချို့က မိမိထံအကြံပြုတင်ပြလာတာ ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများမေးမြန်းခွင့်အခွင့်အရေး မဆုံးရှုံးစေရန်အတွက်နဲ့ အခြားကိုယ်စားလှယ်များရဲ့အခွင့်အရေး မဆုံးရှုံးစေဖို့အတွက်၊ မထိခိုက်စေဖို့အတွက် မေးခွန်းများမေးတဲ့အခါမှာ ကန့်သတ်ချိန် ခြောက်မိနစ်အတွင်းမှာ အပြီးမေးဖို့ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကန့်သတ်ချိန် ခြောက်မိနစ်အတွင်းမှာ မေးနိုင်ဖို့အတွက် မေးခွန်းနဲ့ပတ်သက်လို့ တကယ်လို့များ မေးမြန်းရခြင်းရဲ့ အကြောင်းတွေဖော်ပြမယ်ဆိုလို့ရှိရင် ငါးမိနစ်အတွင်းမှာ ဖော်ပြ၊ ဖော်ပြလို့ပြီးတာနဲ့ မိုက်ကနေပြီးတော့ ပိတ်သွားပါလိမ့်မယ်။ ပိတ်တဲ့အချိန်မှာ ခုနကမိမိမေးလိုတဲ့မေးခွန်းကို တစ်မိနစ်အတွင်း မေးဖို့ဖြစ်ပါတယ်။ ဒီလိုအကြံပြုချက်နဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းမေးတဲ့အခွင့်အရေးမဆုံးရှုံးစေရန်နဲ့ အခြားလွှတ်တော်ကိုယ်စားလှယ်များရဲ့အခွင့်အရေးကို မထိခိုက်စေရန်အတွက် အခုလိုလွှတ်တော်ကိုယ်စားလှယ်တချို့ရဲ့ တင်ပြချက်ကို လွှတ်တော်ကသဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလား။ သဘောမတူသူမရှိတဲ့အတွက် တင်ပြပါ အတိုင်း နောင်ဆောင်ရွက်မယ့် မေးခွန်းများဖြေကြားခြင်းအစီအစဉ်ကို တင်ပြချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

## ပြည်ထဲရေးဝန်ကြီးဌာနက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထဲရေးဝန်ကြီးဌာနက

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ဥပဒေကြမ်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနမှ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်ပတ်သက်ပြီး တင်သွင်းသွားမှာဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်တော် နဝမပုံမှန်အစည်းအဝေးမှာ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီဥပဒေဟာ ယခင်က ၂၀၀၂ ခုနှစ်က ပြဋ္ဌာန်းထားတဲ့ တရားမဝင်သောနည်းလမ်းဖြင့် ရရှိတဲ့ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေကို မွမ်းမံပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှာ အာရှ-ပစိဖိတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ APG ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်လာပါတယ်။ APG အဖွဲ့ဟာ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force FATF) ကဲ့သို့ ပုံစံတူဖွဲ့စည်းထားတဲ့ ဒေသတွင်းအဖွဲ့အစည်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ APG အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ APG မှ စေလွှတ်လိုက်တဲ့ကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွင်းမှာလာရောက်ပြီး မြန်မာနိုင်ငံရဲ့ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆောင်ရွက်မှုအခြေအနေများကို လေ့လာသုံးသပ်ခဲ့ပါတယ်။ ဒီလိုသုံးသပ်ရာမှာ မြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေဟာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါအချက်များ၊ နိုင်ငံတကာစံနှုန်းများနဲ့ကိုက်ညီမှုမရှိဘဲ ပြောင်းလဲတိုးတက်လာတဲ့ ခေတ်စနစ်နဲ့လျော်ညီတဲ့ဥပဒေအဖြစ် ပြင်ဆင်ရန် လိုအပ်ကြောင်းသုံးသပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေဟာ နိုင်ငံတကာစံချိန်စံနှုန်းများနဲ့ ကိုက်ညီမှုမရှိဘဲ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးကဏ္ဍတွေမှာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် FATF မှ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့က ထုတ်ပြန်တဲ့ အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) မှာ မြန်မာနိုင်ငံကို ဆုံးရှုံးစေနိုင်ခြေ ပေါ်နိုင်သော နိုင်ငံများစာရင်းအတွင်း ထည့်သွင်းဖော်ပြခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်မယ့် နိုင်ငံတကာစံနှုန်းများနဲ့

ကိုက်ညီတဲ့ ဥပဒေမပြဋ္ဌာန်းပါက FATF ရဲ့ Counter Measure နဲ့ထပ်မံအရေးယူခြင်းခံရမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ တရားမဝင်နည်းလမ်းဖြင့်ရရှိတဲ့ ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၁)မှာ လက်ရှိဥပဒေကို နိုင်ငံတကာစံနှုန်းများ၊ လက်ရှိအခြေအနေများနှင့်ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲရန် ဆုံးဖြတ်ခဲ့ပြီး ဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ရှစ်ဦးနဲ့ဖွဲ့စည်းခဲ့ပါတယ်။ ဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီက ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အစည်းအဝေးများ ကျင်းပပြုလုပ်ပြီး ဥပဒေပြင်ဆင်ရေးဆွဲရာမှာ ငွေကြေးဆိုင်ရာအရေးယူအဖွဲ့ရဲ့အကြံပြုချက်များ၊ ကုလသမဂ္ဂကွန်ဗင်းရှင်းမှာပါတဲ့ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနဲ့ ကိုက်ညီစေရေးအတွက်ကို ဒေသတွင်းအဖွဲ့အစည်းများဖြစ်တဲ့ အာရှ-ပစိဖိတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့နဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့မှ ဥပဒေပညာရှင်များရဲ့အကြံပြုချက်များ၊ ပြင်တွင်းပြည်ပမှ ဥပဒေပညာရှင်များရဲ့ဆွေးနွေးအကြံပြုချက်များကို ရယူပြီးရေးဆွဲထားခြင်းဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ စက်မှုထိပ်သီးခုနှစ်နိုင်ငံကကြီးမှူးပြီး ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး မျက်နှာစုံညီအစည်းအဝေးမှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးထောက်ခံချက် ၄၀ ကိုချမှတ်ခဲ့ရာ ကမ္ဘာ့နိုင်ငံအားလုံးက လိုက်နာဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကမ္ဘာ့ဒေသကြီး ငါးခု၌ FATF Style Regional Body များဖွဲ့စည်းပြီးတော့ တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင်အခြေစိုက်တဲ့ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်နိုင်ငံများမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများအထူးလိုအပ်ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရာမှာ စီးပွားရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒများသည် အရေးကြီးသကဲ့သို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနဲ့ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတို့ကိုလည်း ထိရောက်စွာထိန်းချုပ်နိုင်မှု၊ လက်တွေ့ထိရောက်စွာအကောင်အထည်ဖော်မှုနဲ့ ထင်သာမြင်သာရှိမှုတို့သည်လည်း အရေးကြီးပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနအား အကြမ်းဖက်တိုက်ခိုက်ခံရသည့် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်ဖြစ်စဉ်နောက်ပိုင်းမှာ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့ခြင်းကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန်အတွက် FATF သည်အထူးထောက်ခံချက် ကိုးချက်ဖြင့် ချမှတ်ပြီးဆောင်

ရွက်ခဲ့ပါတယ်။ ဒါ့ကြောင့်မို့ ကမ္ဘာ့နိုင်ငံများအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ထောက်ခံချက် ၄၀ ချက်နှင့် အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ အထူးထောက်ခံချက်ကိုးချက်တို့ကို မဖြစ်မနေလိုက်နာရန်တာဝန်ရှိပါတယ်။ မလိုက်နာသည့်နိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသောနိုင်ငံများ Non-Cooperative Countries and Territories (NCCT) စာရင်းမှာမှ ထည့်သွင်းပြီးတော့ တိုးတက်မှုအခြေအနေကို စောင့်ကြည့်အကဲဖြတ်ပါတယ်။ ထူးခြားတဲ့တိုးတက်ပြောင်းလဲမှုမရှိပါက တန်ပြန်အရေးယူမှုများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ မြန်မာနိုင်ငံအား NCCT စာရင်းမှာထည့်သွင်းစောင့်ကြည့်ခဲ့ပြီး တိုးတက်မှုဖြစ်ထွန်းမှုမရှိတဲ့အတွက် ၂၀၀၃ ခုနှစ်မှာ တန်ပြန်အရေးယူရန် ဆုံးဖြတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များမှာ နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့် တရားမဝင်သောနည်းလမ်းဖြင့် ရရှိတဲ့ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဆိုင်ရာနည်းဥပဒေများကို ပြဋ္ဌာန်းနိုင်ခြင်းမရှိတဲ့အတွက် ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၃ မှာ မြန်မာနိုင်ငံအပေါ် တန်ပြန်အရေးယူမှုများ ပြုလုပ်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုက ငွေကြေးနဲ့စီးပွားရေးဆိုင်ရာ အထူးပိတ်ဆို့မှုများကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံအား NCCT စာရင်းမှ ပယ်ဖျက်နိုင်ရေးနှင့် ချမှတ်ထားသောတန်ပြန်အရေးယူမှုများ ပယ်ဖျက်နိုင်ရေးတို့အတွက်ကို လေ့လာသုံးသပ်ရေးအဖွဲ့ Regional Review Group-RRG စနစ်တို့အရ စောင့်ကြည့်အကဲဖြတ်မှုတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တိုးတက်မှုအစီရင်ခံစာများကိုလည်း ပုံမှန်တင်သွင်းရလျက်ရှိပါတယ်။ ၎င်းတို့သတ်မှတ်ထားတဲ့ အရည်အချင်းပြည့်မီခြင်းမရှိပါက NCCT ကဲ့သို့ အရေးယူမှုများကို ထပ်မံဖြစ်ပေါ်လာနိုင်ပါတယ်။ ယခုအချိန်မှာ မြန်မာနိုင်ငံအပေါ် International Cooperation Review Group- ICRG စနစ်နဲ့ APG ရဲ့ PRG စနစ်တို့အရ စောင့်ကြည့်အကဲဖြတ်မှုတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တိုးတက်မှုအစီရင်ခံစာများကိုလည်း ပုံမှန်တင်သွင်းရလျက်ရှိပါတယ်။ ၎င်းတို့သတ်မှတ်ချက်သည် အရည်အချင်းများပြည့်မီခြင်းမရှိပါက NCCT ကဲ့သို့ အရေးယူမှုများထပ်မံဖြစ်ပေါ်လာနိုင်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အတွင်း ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ကျင်းပတဲ့ FATF အစည်းအဝေး၌ မြန်မာနိုင်ငံရဲ့ တိုးတက်မှုများကို ထပ်မံဆွေးနွေးမည်ဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ တိုးတက်မှုများမရှိဘူးဆိုလျှင် တန်ပြန်အရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတို့ကို ဆောလျင်စွာ ပြဋ္ဌာန်းရန်လိုအပ်ကြောင်းကို အကြောင်းကြားလာပါတယ်။

တန်ပြန်အရေးယူခြင်းဖြင့် စီးပွားရေးပိတ်ဆို့မှုခံရမည်ဖြစ်ရာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စ အခြေအနေများကို ထိခိုက်စေမည်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ အထက်ပါဥပဒေကြမ်းနှစ်ရပ်ကိုလည်း ပဲရစ်အစည်းအဝေးတွင် ဆုံးဖြတ်ချက်မချမီ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေးသည် မြန်မာနိုင်ငံအတွက် အရေးတကြီးလိုအပ်လျက်ရှိပါတယ်။

ယနေ့ကမ္ဘာမှာ ငွေကြေးခဝါမှုနဲ့ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးစနစ်တည်ငြိမ်မှုနဲ့ နိုင်ငံတော်တည်ငြိမ်ရေးကို ခြိမ်းခြောက်နေတာကြောင့် ကမ္ဘာ့နိုင်ငံများမှ အလေးထားကိုင်တွယ်ဖြေရှင်းနေရတဲ့ပြဿနာတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံအနေ နှင့် နိုင်ငံတကာစံနှုန်းများနဲ့ ကိုက်ညီအောင် ပြည်တွင်းပြည်ပ ဥပဒေပညာရှင်များရဲ့အကြံဉာဏ်များ ရယူပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ဒီဥပဒေဟာဆိုရင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနဲ့ ဘဏ်လုပ်ငန်းများအတွက် ငွေကြေးဆိုင်ရာအာမခံချက်တစ်ရပ်ဖြစ်လာ မှာဖြစ်ပြီး နိုင်ငံတော်ရဲ့ စီးပွားရေးစနစ် ပိုမိုတိုးတက်ခိုင်မာလာစေရန်အတွက် အထောက်အကူပြုတဲ့ နိုင်ငံတကာစံနှုန်းများနဲ့ ကိုက်ညီအောင် ပြုစုရေးဆွဲထားသော ဥပဒေဖြစ်ပါသဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုနိုင်ရေး တင်ပြအပ်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ကိုလိုက်နာဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်သမ္မတဆီက သီးခြားရေး သားပြီး အမျိုးသားအကျိုးစီးပွားအတွက် ဒီဥပဒေကိုအမြန်ဆုံးပြဋ္ဌာန်းပေးနိုင်ဖို့ မေတ္တာရပ်ခံထားပါ တယ်။ ဒါ့ကြောင့်လည်း ပြီးခဲ့တဲ့ သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့များမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ တာဝန်ရှိသူများ ညှိနှိုင်းပြီးတော့ ဥပဒေကြမ်းကော်မတီနဲ့ ဆွေးနွေးခဲ့ပါတယ်။ မိမိတို့ရဲ့ မျှော်မှန်းချက်ကတော့ ဒီဥပဒေကို နိုင်ငံတော်သမ္မတကြီးဆီက မေတ္တာရပ်ခံချက် သတ်မှတ်တဲ့ရက် အတွင်းမပြီးတောင်မှ အမြန်ဆုံးပြီးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို အလေးအနက်ထားပြီး စဉ်းစားဆုံးဖြတ်ပေးနိုင်ဖို့လိုကြောင်းလည်းပြောလိုပါတယ်။ အခုန က သက်ဆိုင်ရာ ဒုတိယဝန်ကြီး တင်ပြဆွေးနွေးသွားတာကို ဒီဥပဒေကို ကျွန်တော်တို့ အချိန်မီပြဋ္ဌာန်း ပေးနိုင်ခြင်းမရှိဘူးဆိုလျှင် ကျွန်တော်တို့နိုင်ငံ နိုင်ငံသားများအကျိုးစီးပွားကို ထိခိုက်လာနိုင်သော ကိစ္စရပ်များရှိတဲ့အတွက် အလျင်အမြန်ဆောင်ရွက်တယ်ဆိုသော်လည်း အမှားအယွင်းကင်းအောင် ဆောင်ရွက်ပေးဖို့ လွှတ်တော်ကို ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းအား ဖိတ်ခေါ်ပါ တယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ ကိုယ်စား အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကြမ်း အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးရန် ပေးပို့လာပါတယ်။

၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းအား ပြည်ထဲရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြထားပါတယ်။

(က) ဤဥပဒေနှင့် သက်ဆိုင်သောပြစ်မှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့ကိုထိ ရောက်စွာအရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ် ဟန့်တားရန်။

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော် ၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်။

(ဂ) နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆောင်ရွက်ရန်။

(ဃ) ငွေကြေးခဝါချမှု အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများ တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်ရန်။

(င) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ခြင်းဆောင်ရွက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားသောသက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ်နှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များနဲ့ လမ်းညွှန်ချက်များ ထုတ်ပြန်ရန်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်နေ့များတွင် ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင်များ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ရာ ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်သို့ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်ပေါင်း ၁၅၁ ချက်၊ အစီရင်ခံစာ စာမျက်နှာပေါင်း ၂၃ မျက်နှာရှိပြီး ဖတ်ကြားချိန်အားဖြင့် ၄၅ မိနစ်ခန့် ကြာမြင့်နိုင်မည်ဖြစ်ပါသဖြင့် လွှတ်တော်၏ အချိန်ကို လေးစားသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့သည်ကို ခွင့်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်အား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ပြင်ဆင်ရန် ၁၅၁ ချက်ကို လွှတ်တော်သို့ တင်သွင်းပါကြောင်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ

အစီရင်ခံတင်ပြအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နဲ့ ၁၈၈ တို့နဲ့အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂၆-၁-၂၀၁၄ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ ကျန်ရှိတဲ့အစီအစဉ်ကို ထပ်မံပြုလုပ်မယ့် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။

**အချိန်၊ ၁၂း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၂း၄၅ နာရီအချိန် တွင်ရပ်နားပါသည်။]

မှုကြမ်း